မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၁၁] ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက် (၂၀၂၂ ခုနှစ်၊ မတ်လ ၁၈ ရက်) } သောကြာနေ့ [အတွဲ ၇၅

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၂/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၃/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးရင်မောင်ညွန့် အား စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စီမံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလွင်အောင် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အပါအဝင် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၁/၂) ပါ သဘောတူညီချက်များ၊ ဆက်လက်ဆွေးနွေးရမည့်အစိတ်အပိုင်း (၃) ဇယား (၂) ပါ အချက်များနှင့်ပတ်သက်၍ လေ့လာဆန်းစစ်ဖော်ထုတ်ပြုစုတင်ပြရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အပါအဝင် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၁/၂) ပါ သဘောတူညီချက်များ၊ ဆက်လက်ဆွေးနွေးရမည့် အစိတ်အပိုင်း (၃) ဇယား (၂) ပါ အချက်များနှင့်ပတ်သက်၍ လေ့လာဆန်းစစ်ဖော်ထုတ်ပြုစုတင်ပြရေးအဖွဲ့ ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမိုလ်ရှိန် | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဗိုလ်ချုပ် တောက်ထွန်း | အဖွဲ့ဝင် |
| (ဂ) | ဗိုလ်ချုပ် စိုးနိုင်ဦး | အဖွဲ့ဝင် |
| (ဃ) | ဗိုလ်မှူးကြီး အောင်ခင်သိန်း<br>စစ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (င) | ဗိုလ်မှူးကြီး ဝဏ္ဏအောင် | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အပါအဝင် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၁/၂) ပါ သဘောတူညီချက်များ၊ ဆက်လက်ဆွေးနွေးရမည့် အစိတ်အပိုင်း (၃) ဇယား (၂) ပါ အချက်များနှင့်ပတ်သက်၍ လေ့လာဆန်းစစ်ဖော်ထုတ်ပြုစုတင်ပြရေး အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံများတွင် နိုင်ငံတော်အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သည့် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၁/၂/၃) တို့သည် NCA သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်လည်းကောင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်လည်းကောင်း ကိုက်ညီမှု ရှိ မရှိ ဆန်းစစ်လေ့လာသွားရန်နှင့် ကိုက်ညီမှုမရှိပါက မည်သို့လုပ်ဆောင်ရန်၊

( ခ ) သဘောတူစာချုပ်အစိတ်အပိုင်း (၃) ပါ ဆက်လက်ဆွေးနွေးရန်ကျန်ရှိသည့် ဇယား (၂) နှင့်ပတ်သက်၍ NCA လက်မှတ်ရေးထိုးပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဘက်မှ အဆိုပြု တင်ပြထားသည့်အချက်များအပေါ် နိုင်ငံတော်အစိုးရဘက်မှ အတတ်နိုင်ဆုံးလိုက်လျော ဆောင်ရွက် ပေးနိုင်မည့်အချက်များ ပြုစုရန်၊

( ဂ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် ဒီမိုကရေစီနှင့် လည်းကောင်း၊ ဖက်ဒရယ်စနစ်နှင့်လည်းကောင်း ကိုက်ညီမှုမရှိသည့်အချက်/ပုဒ်မများကို လေ့လာ ဖော်ထုတ်၍ နိုင်ငံရေးဆွေးနွေးပွဲရလဒ်များအရ အနာဂတ်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်သည့် အချက်/ပုဒ်မများပြုစုရန်၊

(ဃ) ၎င်းအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ဇယား (၁)/(၂)/(၃)/(၅) တို့တွင်ပါရှိသော ဥပဒေပြုစာရင်းများကို အသေးစိတ်လေ့လာပြီး လိုအပ်သည့်အကြံပြုချက်များ ပြုစုရေးသားရန်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

**ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံများ၏ ဖွဲ့စည်းတည်ဆောက်မှုများအား လေ့လာပြီး အကြံပြုချက်ရေးသားပြုစုရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုအဖြစ် တည်ဆောက်နိုင်ရေးအတွက် ကမ္ဘာပေါ်ရှိ ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံများ၏ ဖွဲ့စည်းတည်ဆောက်မှုများအား လေ့လာပြီး အကြံပြုချက်ရေးသားပြုစုနိုင်ရန်

အတွက် **ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံများ၏ ဖွဲ့စည်းတည်ဆောက်မှုများအား လေ့လာပြီး အကြံပြုချက်ရေးသားပြုစုရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း — အဖွဲ့ခေါင်းဆောင်

( ခ ) ဗိုလ်ချုပ် တင်မောင်ဝင်း — အဖွဲ့ဝင်

( ဂ ) ဗိုလ်မှူးကြီး အောင်ကျော်ထွန်း — အဖွဲ့ဝင်

(ဃ) ဗိုလ်မှူး နေဟိန်း — အဖွဲ့ဝင်

၂။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံများ၏ ဖွဲ့စည်းတည်ဆောက်မှုများအား လေ့လာပြီး အကြံပြုချက်ရေးသားပြုစုရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အိန္ဒိယသမ္မတနိုင်ငံ၊ ဩစတြေးလျနိုင်ငံနှင့် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများအား လေ့လာဆန်းစစ်ရန်၊

( ခ ) လေ့လာတွေ့ရှိချက်များအနက် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ၏ အာဏာခွဲဝေမှုများ၊ ပြည်နယ်များတွင် အခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းမှုစနစ်၊ လွှတ်တော်အဆင့်ဆင့် ဖွဲ့စည်းထားရှိမှုများအား အသေးစိတ်ပြုစုရန်၊

( ဂ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ကိုက်ညီနိုင်သည့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များအကြား အာဏာခွဲဝေနိုင်မည့် နည်းလမ်းများ၊ လွှတ်တော်အဆင့်ဆင့် ဖွဲ့စည်းနိုင်မည့် အနေအထားများကို (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံနှင့်ချိန်ထိုး၍ အကြံပြုရေးသားပြုစုတင်ပြရန်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းဟန်စိုး ကို ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၄ ရက်)

## ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ပြန်လည်ရုပ်သိမ်းခြင်း

နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၁) ဖြင့် ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်ချီးမြှင့်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အောက်ပါအရာထမ်း (၂) ဦးတို့သည် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများအရ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်းပြစ်ဒဏ်ခံရသောကြောင့် ချီးမြှင့်ခဲ့သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ကို ၂၀၀၉ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက် အပိုဒ် ၆၇ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ တို့အရ ပြန်လည်ရုပ်သိမ်းလိုက်သည်–

(က) ဦးကျော်မိုးထွန်း သံအမတ်ကြီး (ဟောင်း) ၁၂/အစန (နိုင်) ၁၅၀၄၇၅

( ခ ) ဦးအောင်စိုးမိုး ပထမအတွင်းဝန် ၁၂/ပဇတ (နိုင်) ဝ၀၀၀၇၁

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၄ ရက်)

## ပြည်သူ့ဝန်ထမ်းတံဆိပ် ပြန်လည်ရုပ်သိမ်းခြင်း

နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၁) ဖြင့် ပြည်သူ့ဝန်ထမ်းတံဆိပ်ချီးမြှင့်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံရုံးစာရေး၊ ဒေါ်မြတ်ဇာဇာခိုင် [၁၂/သဃက (နိုင်) ၀၄၂၃၄၀] သည် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများအရ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်းပြစ်ဒဏ်ခံရသောကြောင့် ချီးမြှင့်ခဲ့သည့် ပြည်သူ့ဝန်ထမ်းတံဆိပ်ကို ၂၀၀၉ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက် အပိုဒ် ၆၇ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ တို့အရ ပြန်လည်ရုပ်သိမ်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၄ ရက်)

**ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ပြန်လည်ရုပ်သိမ်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၁) ဖြင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနစုမှူး (၁)၊ ဒေါ်သက်ထားဆွေ [၁၂/မရက (နိုင်) ၁၄၉၆၅၈] သည် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများအရ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်းပြစ်ဒဏ်ခံရသောကြောင့် ချီးမြှင့်ခဲ့သည့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်ကို ၂၀၁၉ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက် အပိုဒ် ၆၇ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ တို့အရ ပြန်လည်ရုပ်သိမ်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၄ ရက်)

**ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ပြန်လည်ရုပ်သိမ်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၁) ဖြင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အောက်ပါအရာထမ်း၊ အမှုထမ်း (၈) ဦးတို့သည် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများအရ ရာထူးမှ ထုတ်ပယ်ခြင်းပြစ်ဒဏ်ခံရသောကြောင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်ကို ၂၀၁၉ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက် အပိုဒ် ၆၇ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ တို့အရ ပြန်လည်ရုပ်သိမ်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဒေါ်ရှိုးရှိုးဇော်လေး | ဌာနစုမှူး (၁) | ၉/ပမန (နိုင်) ၂၈၀၁၀၆ |
| ( ခ ) | ဒေါ်ဇူလိုင်ကျော်ဇော | ဌာနစုမှူး (၁) | ၁၂/ တမန (နိုင်) ၁၁၅၃၂၆ |
| ( ဂ ) | ဒေါ်ခိုင်ငုဝါစိုး | ဌာနစုမှူး (၁) | ၆/ကသန (နိုင်) ၀၅၄၄၈၉ |
| (ဃ) | ဒေါ်မိုးသဥ္ဇာဇော် | ဌာနစုမှူး (၁) | ၅/ကလထ (နိုင်) ၁၈၇၇၇၄ |
| ( င ) | ဒေါ်ယုဝေ | ဌာနစုမှူး (၁) | ၉/ပကခ (နိုင်) ၀၃၀၅၅၀ |
| ( စ ) | ဦးဖြိုးဆက်ပိုင် | ဌာနစုမှူး (၁) | ၁၂/သဃက (နိုင်) ၁၈၀၃၁၆ |
| (ဆ) | ဦးမျိုးသန့်ခိုင် | အငယ်တန်းစာရေး | ၁၂/ဗဟန (နိုင်) ၀၉၇၂၃၄ |
| ( ဇ ) | ဦးဇော်ရဲ | ယာဉ်မောင်း (၅) | ၁၃/ သနန (နိုင်) ၀၄၂၃၈၄ |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၁၀၄/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး ဦးမိုးဆန်းအောင် (တ/၃၆၂၄) အား မြို့နယ်တရားသူကြီးတာဝန် ပူးတွဲထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ အကျဉ်းနည်းဖြင့်စစ်ဆေးနိုင်သည့် အာဏာနှင့် အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

**ကိုယ်ရေးအရာရှိ ခန့်အပ်ခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်စွဲပါ အမိန့်အမှတ် ၁၁/၂၀၂၂ ဖြင့် ခန့်အပ်ခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးတင်မောင်ဆွေ အတွက် ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာတွင် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ အဆောင်အယောင်ဆိုင်ရာ ဥပဒေနှင့်အညီ ဦးသန်းဝင်းအောင် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၇/တငန (နိုင်) ၀၀၂၅၆၀] ကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက် နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

သိန်းစိုး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

**အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၂၂) အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စီမံရေးရာဦးစီးဌာနမှ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) တန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလွင်အောင် အား အဂတိလိုက်စားမှု

တိုက်ဖျက်ရေးကော်မရှင်ရုံး၊ စီမံရေးရာဦးစီးဌာန၏ လစာနှုန်း (၅၅၀,၀၀၀/-) ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှစ၍ အစမ်းခန့်ထား လိုက်သည်။

တင်ဦး
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ခရီးသွားလုပ်ငန်းကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

**ရခိုင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတွင်**
**အဖွဲ့ဝင် (၁) ဦး အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၁) ဖြင့် ဖွဲ့စည်းခဲ့သည့် ရခိုင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်သော ဦးကြည်ခင်၊ ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ်ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန **အစား** ဒေါ်အေးနီလာ၊ ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ်ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနကို အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

ဒေါက်တာ ဌေးအောင်
ဥက္ကဋ္ဌ
ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၂၈/၂၀၂၂) အရ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနမှ က ၄၅၀၈ ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်း အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ညွှန်ကြားရေးမှူးချုပ်) တွင် အတည်ပြုခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၆/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

၁။ ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးအံ့မော် (ပ/၄၄၆၀) အား သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ

၂၄ ရက်နေ့မှ ဇွန်လ ၂၃ ရက်နေ့အထိ (၄) လကို မူလအခြေခံနည်းဥပဒေအပိုဒ် ၈၆ (က) (၁) နှင့် နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၂၂ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။　အုပ်ချုပ်ရေးမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးအုံ့မော် (ပ/၄၄၆၀) အား ငြင်းပယ်ထားသည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့မှ အောက်တိုဘာလ ၂၃ ရက်နေ့အထိ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၂၇/၂၀၂၂)

ရှမ်းပြည်နယ်၊ မက်မန်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး (ညွှန်ကြားရေးမှူး) ဦးအောင်ကျော်ဦး (ပ/၃၆၂၆) အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင် ပြင်ဆင်ခွင့် (၄) လကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှ ဇွန်လ ၉ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၃၀/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)

၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၁) အရ အောက်ဖော်ပြပါမြေများကို အများပြည်သူ အကျိုးငှာ **မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ အမှတ် (၂) ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် **ကာကွယ်ရေးဝန်ကြီးဌာန** မှ အလိုရှိကြောင်း ကြေညာလိုက်သည်-

မြေတည်ရှိရာဒေသ

| တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | ကျေးရွာအုပ်စု အမည် | အကွက်အမှတ်/အမည် | ဦးပိုင် အမှတ်ပေါင်း | ဧရိယာ (ဧက) |
|---|---|---|---|---|---|
| ကရင်ပြည်နယ် | ဘားအံ | လှာကာ | OSS.၅၇/လေးတိုင် ကြေးတိုင်ပြင်ကွင်း | ၆၁ ခု | ၆၅.၃၄ |
| | | | ၁၀၃၅/တံတားဦး မြောက်ကွင်း | ၁၁၄ ခု | ၃၇၆.၁၈ |
| | | | ၁၀၃၇-က/ပဲကုန်း အနောက်ကွင်း | ၅၆ ခု | ၂၆၇.၄၆ |
| | | ကော့ရင်းအောက် | ၁၀၂၄/ကနဖိုးကုန်းကွင်း | ၁ ခု | ၄.၀၀ |
| | | | | ၂၃၂ ခု | ၇၁၂.၉၈ |

မြေသိမ်းအက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ ခရိုင် အုပ်ချုပ်ရေးမှူး၊ ဘားအံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအား အထက်ဖော်ပြပါဒေသရှိ မြေသိမ်း ယူခြင်းကိစ္စအဝဝကို အရေးယူဆောင်ရွက်ရန် ကော်လိတ်တော်အရာရှိအဖြစ် ခန့်ထားလိုက်သည်။

မြေသိမ်းအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၂) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ အထက်ဖော်ပြ ပါဒေသရှိ မြေနှင့်စပ်လျဉ်း၍ ယင်းအက်ဥပဒေပုဒ်မခွဲတွင် ပြဋ္ဌာန်းထားသည့်အတိုင်းဆောင်ရွက်ရန် ခရိုင် အုပ်ချုပ်ရေးမှူး၊ ဘားအံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ ၆ အရ အောက်ဖော်ပြပါမြေများကို အများပြည်သူအကျိုးငှာ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ အမှတ် (၂) ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀) အတွက် အသုံးပြုရန် ကာကွယ်ရေးဝန်ကြီးဌာနမှ အလိုရှိကြောင်း ကြေညာလိုက်သည်။

**မြေအကြောင်းအရာဖော်ပြချက်။** တိုင်းတာသတ်မှတ်ထားသော မြေ၏ အကွက်အမှတ်/အမည်၊ မြေဧရိယာနှင့် ပိုင်ရှင်အမည်များအား နောက်ဆက်တွဲပါအတိုင်း ဖော်ပြအပ်ပါသည်။

ဖော်ပြပါ မြေ၏အလား (၄) ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အရှေ့လားသော် - လှာကာကျေးရွာနှင့် ပဲကုန်းကျေးရွာ

အနောက်လားသော် - ဇရပ်ဖြူကျေးရွာနှင့် လယ်ကွင်းများ

တောင်လားသော် - လယ်ကွင်းများ

မြောက်လားသော် - ခမရ (၂၀၄)နှင့် စအရ (၉၁၅)

**မှတ်ချက်။** စာရင်းတွင် ဖော်ပြပါမြေကွက်များနှင့် ဧရိယာများသည် ၂၀၁၇ ခုနှစ်အတွက် အသုံးပြုသော မြေပုံအရဖြစ်၍ အထက်ဖော်ပြပါမြေပုံကို ဘားအံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

မြေသိမ်းအက်ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (၁) အရ မြေသိမ်းအက်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (၁) နှင့် (၃) တို့တွင် ဖော်ပြထားသည့်အတိုင်း အမိန့်ကြော်ငြာစာထုတ်ဆင့်ပြီးနောက် (၁၅) ရက် ကုန်ဆုံးသောအခါ အဆိုပါမြေကို သိမ်းယူပြီးလျှင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ အမှတ် (၂) ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀) အတွက် အသုံးပြုရန် ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရမည်ဟု မြေသိမ်းကော်လိတ္တော်အရာရှိအား ညွှန်ကြားလိုက်သည်။

မြေသိမ်းဆည်း လွှဲပြောင်းပေးသည့် မြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်း ဖြစ်ပြီး **ကာကွယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၃၁/၂၀၂၂)

၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၁) အရ အောက်ဖော်ပြပါမြေများကို အများပြည်သူအကျိုးငှာ **မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ အမှတ် (၂) ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် **ကာကွယ်ရေးဝန်ကြီးဌာန** မှ အလိုရှိကြောင်း ကြေညာလိုက်သည်-

မြေတည်ရှိရာဒေသ

| တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | ကျေးရွာအုပ်စု အမည် | အကွက်အမှတ်/အမည် | ဦးပိုင် အမှတ်ပေါင်း | ဧရိယာ (ဧက) |
|---|---|---|---|---|---|
| ကရင်ပြည်နယ် | ဘားအံ | မြိုင်ကလေး | ၁၀၃၇-ခ/ ရေကျော်ကွင်း | ၁၄၀ ခု | ၃၆၈.၃၃ |
| | | | ၁၀၃၈/ မြိုင်ကလေးရွာကြီးကွင်း | ၅၁ ခု | ၇၅.၉၇ |
| | | | ၁၀၃၉/မြိုင်ကလေးအနောက်ကွင်း | ၁၀၈ ခု | ၂၄၁.၆၉ |
| | | | ၁၀၄၀/မြိုင်ကလေးတောင်ကွင်း | ၃ ခု | ၃.၃၄ |
| | | | | ၃၀၂ ခု | ၆၈၉.၃၃ |

မြေသိမ်းအက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ ခရိုင်အုပ်ချုပ်ရေးမှူး၊ ဘားအံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအား အထက်ဖော်ပြပါဒေသရှိ မြေသိမ်းယူခြင်းကိစ္စအဝဝကို အရေးယူဆောင်ရွက်ရန် ကော်လိတ္တော်အရာရှိအဖြစ် ခန့်ထားလိုက်သည်။

မြေသိမ်းအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၂) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ အထက်ဖော်ပြပါဒေသရှိ မြေနှင့်စပ်လျဉ်း၍ ယင်းအက်ဥပဒေပုဒ်မခွဲတွင် ပြဋ္ဌာန်းထားသည့်အတိုင်းဆောင်ရွက်ရန် ခရိုင်အုပ်ချုပ်ရေးမှူး၊ ဘားအံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ ၆ အရ အောက်ဖော်ပြပါမြေများကို အများပြည်သူအကျိုးငှာ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ အမှတ် (၂) ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀) အတွက်အသုံးပြုရန် ကာကွယ်ရေးဝန်ကြီးဌာနမှ အလိုရှိကြောင်း ကြေညာလိုက်သည်။

**မြေအကြောင်းအရာဖော်ပြချက်။**　တိုင်းတာသတ်မှတ်ထားသော မြေ၏ အကွက်အမှတ်/အမည်၊ မြေဧရိယာနှင့် ပိုင်ရှင်အမည်များအား နောက်ဆက်တွဲပါအတိုင်း ဖော်ပြအပ်ပါသည်။

ဖော်ပြပါ မြေ၏အလား (၄) ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| အရှေ့လားသော် | - | ရေကျော်ကျေးရွာ |
| အနောက်လားသော် | - | လယ်ကွင်းများ |
| တောင်လားသော် | - | သံတိုင်တောင် |
| မြောက်လားသော် | - | လယ်ကွင်းများ |

**မှတ်ချက်။**　စာရင်းတွင် ဖော်ပြပါမြေကွက်များနှင့် ဧရိယာများသည် ၂၀၁၇ ခုနှစ်အတွက် အသုံးပြုသော မြေပုံအရဖြစ်၍ အထက်ဖော်ပြပါမြေပုံကို ဘားအံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

မြေသိမ်းအက်ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (၁) အရ မြေသိမ်းအက်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (၁) နှင့် (၃) တို့တွင် ဖော်ပြထားသည့်အတိုင်း အမိန့်ကြော်ငြာစာထုတ်ဆင့်ပြီးနောက် (၁၅) ရက် ကုန်ဆုံးသောအခါ အဆိုပါမြေကို သိမ်းယူပြီးလျှင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ အမှတ် (၂) ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀) အတွက် အသုံးပြုရန် ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရမည်ဟု မြေသိမ်းကော်လိတ္တော်အရာရှိအား ညွှန်ကြားလိုက်သည်။

မြေသိမ်းဆည်း လွှဲပြောင်းပေးသည့် မြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကာကွယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၃၂/၂၀၂၂)

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့၊ အမှတ် (၂) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်-၃၆၈၀/တင်ဝင်းကြီး၊ ဦးပိုင်အမှတ်-၁ᵍ၊ **မြေဧရိယာ ၀.၁၈၄ ဧက** ရှိမြေအား အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ **ကန့်ဘလူခရိုင်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန (ဝန်ထမ်းအိမ်ရာ)** မြေနေရာအဖြစ် အသုံးပြုရန် အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေး လိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၃၅/၂၀၂၂)

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပြောင်းပေးရန်အတွက် ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ ဖလမ်းမြို့၊ တလန်လိုရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်-၂၁/ဖါရ်ထောက်၊ ဦးပိုင်အမှတ်-၂၂ ရှိ မြေဧရိယာ ဝ.၁၃၃ ဧကနှင့် ဦးပိုင်အမှတ်-၅၇ ရှိ မြေဧရိယာ ဝ.၁၅ဝ ဧက **စုစုပေါင်းမြေဧရိယာ ဝ.၂၈၃ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံရေးတင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်စွဲပါ စာအမှတ်၊ ၅ဝ၉ (၂၈)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးရန် အကြောင်းကြားလာပါသည်။

ပြန်လည်စွန့်လွှတ်အပ်နှံလာသည့် ဖလမ်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အခွန်တော်အမှုတွဲအမှတ် (၃၇ဝ/၂ဝ၁၇) နှင့် အခွန်တော်အမှုတွဲအမှတ် (၂၈ဝ/၂ဝ၁၃) တို့ဖြင့် ထုတ်ပေးထားသော ဖလမ်းမြို့နယ် ရဲတပ်ဖွဲ့အမည်ပေါက် (၁ဝ) နှစ် မြေငှားဂရန်များအားပယ်ဖျက်၍ အဆိုပါ **မြေဧရိယာ ဝ.၂၈၃ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၃၆/၂၀၂၂)

ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့၊ အမှတ် (၁) ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်-၂၈/ငြိမ်းချမ်းသာယာဂေါက်ကွင်းဟောင်းအနောက်ရပ်၊ ဦးပိုင်အမှတ်-၂၁/၂ဝ+၂၁/ စ၁၊ **မြေဧရိယာ ဝ.၁၆၅ ဧက** ရှိ မြေအား မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ **သတင်းရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု (လောက်ကိုင်)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၃၇/၂၀၂၂)

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၉၅၄) ဆောက်လုပ်ရေးတပ်ခွဲ (အင်ဂျင်နီယာ) က သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန် (အနောက်ပိုင်း) ခရိုင်၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊ ကွင်းအမှတ်/အမည်-(၄၇/သမိုင်း)၊ မြေကွက်အမှတ်-(၁/က) ရှိ **မြေဧရိယာ ၂.၇၆၂ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံနိုင်ရေးတင်ပြလာမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၅ဝ၉ (၂၅)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၉၅၄) ဆောက်လုပ်ရေးတပ်ခွဲ (အင်ဂျင်နီယာ) က သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၂.၇၆၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၃၈/၂၀၂၂)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန် (မြောက်ပိုင်း) ခရိုင်၊ လှည်းကူးမြို့နယ်၊ ကြာအင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၉၇၉/တောကန့်လန့်ကွင်း) မှ **မြေဧရိယာ ၆၀၀.၀၃ ဧက** အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (ယခင်-ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း) မှ ဆက်လက်အသုံးပြုရန်မရှိသဖြင့် နိုင်ငံတော်သို့ပြန်လည်အပ်နှံခွင့်ပြုပါရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တင်ပြလာမှုအပေါ် နိုင်ငံတော်သမ္မတရုံး၏ ၁၂-၁-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၈၉ (၁၂) (၁)/၇/သမ္မတရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ခွင့်ပြုခဲ့သည့်အတွက် ပြည်ထဲရေးဝန်ကြီးဌာန၏ ၃-၁၁-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၁၄၉/၂၀၁၆) ဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အမည်ပေါက် နှစ် ၃၀ ဂရန်မြေအား ပယ်ဖျက်၍ **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်ခဲ့ပါသည်။

**နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် အမိန့်ထုတ်ပြန်ခဲ့သည့် **မြေဧရိယာ ၆၀၀.၀၃ ဧက** ကို မြေပြင်ကွင်းဆင်းတိုင်းတာခဲ့ရာတွင် မြေပြင်အရှိ တိုင်းတာရရှိသည့် **မြေဧရိယာ ၅၈၅.၈၁ ဧက** ဖြစ်ပြီး **မြေဧရိယာ ၁၄.၂၂ ဧက** ကွာဟလျော့နည်းနေသဖြင့် မြေဧရိယာပြင်ဆင်သတ်မှတ်ပေးနိုင်ပါရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြခဲ့မှုအပေါ် အမိန့်ပြင်ဆင်ထုတ်ပြန်နိုင်ရေး အကြောင်းကြားလာမှုအရ မူလအမိန့်ကြော်ငြာစာအမှတ် (၂၁၄၉/၂၀၁၆) ပါ **ကြာအင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၉၇၉/တောကန့်လန့်ကွင်း) မှ မြေဧရိယာ ၆၀၀.၀၃ ဧက** အစား **ကြာအင်း+စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၉၇၈/ဂန့်ဂေါ်ကျွန်းကွင်း၊ ၉၇၉/တောကန့်လန့်ကွင်း၊ မြေဧရိယာ ၅၈၅.၈၁ ဧက** ဖြင့် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၃၉/၂၀၂၂)

ပြည်ထဲရေးဝန်ကြီးဌာန၏ ၁-၆-၁၉၉၄ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၅၂၅) ခြေမြန်တပ်ရင်းအတွက် မြေလွှဲအမိန့်ထုတ်ပြန်ပေးခဲ့သော ရှမ်းပြည်နယ်၊ လင်းခေးခရိုင်၊ လင်းခေးမြို့နယ်၊ ပုန်းထွန်ကျေးရွာအုပ်စု၊ **မြေဧရိယာ ၆၀၄.၅၂ ဧက** အနက်မှ **ကွင်းအမှတ်နှင့် အမည်၊ ၅၀၁/ကုန်းလှိုင်ကွင်း၊ ၅၁၆/ကုန်းလှိုင်တောင်ကွင်း၊ ၅၁၇/ကုန်းလှိုင်အနောက်ကွင်းရှိ မြေဧရိယာ ၃၀၇.၇၇ ဧက** ကို အသုံးပြုရန်မရှိသဖြင့် နိုင်ငံတော်သို့ပြန်လည်စွန့်လွှတ်အပ်နှံနိုင်ရေးတင်ပြလာမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၁-၁၂-၂၀၂၁ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၂၉) /၁၂/ ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၅၂၅) ခြေမြန်တပ်ရင်းက အသုံးပြုရန်မရှိသဖြင့် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၃၀၇.၇၇ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ မြေလွှဲအမိန့်ထုတ်ပြန်ပေးခဲ့သော **မြေဧရိယာ ၆၀၄.၅၂ ဧက** အနက်မှ ပြန်လည်စွန့်လွှတ်ပြီး **ကျန်မြေဧရိယာ ၂၉၆.၇၅ ဧက** ကို ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၅၂၅) ခြေမြန်တပ်ရင်းမြေအဖြစ်အသုံးပြုရန် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၅၂၅) ခြေမြန်တပ်ရင်းမြေအဖြစ်အသုံးပြုရန် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည့် **မြေဧရိယာ ၂၉၆.၇၅ ဧက** ကို ကာကွယ်ရေးဝန်ကြီးဌာနမှ အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၄၀/၂၀၂၂)

ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၂-၆-၂၀၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၂၅) ခြေလျင်တပ်ရင်းအတွက် မြေလွဲအမိန့်ထုတ်ပြန်ပေးခဲ့သော ရှမ်းပြည်နယ်၊ မိုင်းဆတ်ခရိုင်၊ မိုင်းတုံမြို့နယ်၊ ဖာချယ်ကျေးရွာအုပ်စုရှိ ကွင်းအမှတ်/ အမည်-၅/ ဖာချယ်ကွင်းရှိ **မြေဧရိယာ ၅၁၇.၉၃ ဧက** အနက်မှ **မြေဧရိယာ ၇.၆၂ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံနိုင်ရေးတင်ပြလာမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၁၁-၁၂-၂၀၂၁ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၂၃) /၁၂/ ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၂၅) ခြေလျင်တပ်ရင်းက အသုံးပြုရန်မရှိသဖြင့် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၇.၆၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ မြေလွဲအမိန့်ထုတ်ပြန်ပေးခဲ့သော **မြေဧရိယာ ၅၁၇.၉၃ ဧက** အနက်မှ ပြန်လည်စွန့်လွှတ်ပြီး **ကျန်မြေဧရိယာ ၅၁၀.၃၁ ဧက** ကို ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၂၅) ခြေလျင်တပ်ရင်းမြေအဖြစ်အသုံးပြုရန် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၂၅) ခြေလျင်တပ်ရင်းမြေအဖြစ်အသုံးပြုရန် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည့် **မြေဧရိယာ ၅၁၀.၃၁ ဧက** ကို ကာကွယ်ရေးဝန်ကြီးဌာနမှ အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**(ဝန်ကြီးရုံး)**

## အမိန့်ကြော်ငြာစာအမှတ် (၁၄၁/၂၀၂၂)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှ ကွပ်ကဲရေးမှူး ရဲ ၁၆၄၉ ယာယီရဲမှူးချုပ် ကိုကိုအောင် အား ယာယီခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးချုပ်) တွင် အတည်ပြုခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

## အမိန့်ကြော်ငြာစာအမှတ် (၁၄၆/၂၀၂၂)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၂ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့် ပြုခဲ့သည့် အမှတ်(၂) အင်အားဖြည့်တင်းရေးနှင့် ပြန်လည်နေရာချထားရေးတပ်မှ ကြည်း ၆၇၃၉၃ ဗိုလ်ကြီး ကျော်ကျော်ဇင် အား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည်။

**(ဝန်ကြီးရုံး)**

## အမိန့်ကြော်ငြာစာအမှတ် (၁၄၇/၂၀၂၂)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၂ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်

ပြုခဲ့သည့် အောက်ဖော်ပြပါ အရာရှိ (၂) ဦးတို့အား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနတွင် ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည်-

(၁) ကြည်း ၆၇၂၇၂ ဗိုလ်ကြီး ခိုင်စိုးထွန်း
အမှတ် (၁၁၃) ခြေမြန်တပ်ရင်း

(၂) ကြည်း ၇၁၃၀၅ ဗိုလ်ကြီး ရွှေမင်းမောင်
အမှတ် (၄၃၉) ခြေမြန်တပ်ရင်း

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၀/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲ ၁၉၃၅ ရဲမှူးချုပ် ဝင်းနိုင် အား သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ဇွန်လ ၁၄ ရက်နေ့အထိ (၄) လကို မူလအခြေခံနည်းဥပဒေအပိုဒ် ၈၆ (က) (၁) နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ရဲ ၁၉၃၅ ရဲမှူးချုပ် ဝင်းနိုင် အား ငြင်းပယ်ထားသည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့မှ အောက်တိုဘာလ ၁၄ ရက်နေ့အထိ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာ (၁၅၂/၂၀၂၂)**

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၁၁၁) ခြေမြန်တပ်ရင်းက အသုံးပြုရန်မရှိသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၊ ဝင်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည်-၁၂၆၈၊ ဆည်ဦးကွင်း၊ OSS/ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (-) ရှိ **မြေဧရိယာ ၁၀၅.၆၂ ဧက** အနက်မှ **မြေဧရိယာ ၉၆.၆၂ ဧက** ကို ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၂-၇-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၄၄/၂၀၁၇) ဖြင့် **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် အမိန့်ထုတ်ပြန်သတ်မှတ်ခဲ့ပြီး ကျန်ရှိသည့် ကွင်းအမှတ်/အမည်-၁၂၆၈၊ ဆည်ဦးကွင်း၊ ဦးပိုင်အမှတ်-၂၊ အကွက်အမှတ်၊ ၄၉၊ $\frac{၇၀}{၄၂၇}$ ၊ $\frac{၁၂၄}{၄၂၈}$၊ $\frac{၁၂၄}{၄၂၉}$ တို့ရှိ **မြေဧရိယာ ၉.၀၀ ဧက** ကို အသုံးပြုရန်မရှိသဖြင့် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံနိုင်ရေးတင်ပြလာမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၁၃-၁၂-၂၀၂၁ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၂၆)/၁၂/ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၁၁၁) ခြေမြန်တပ်ရင်းက အသုံးပြုရန်မရှိသဖြင့် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၉.၀၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၁၃/၂၀၂၂)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးလင်းဟန် အား ၂၀၂၂ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ထိုရာထူးနေရာတွင်ပင် ဒုတိယအကြိမ် တစ်နှစ် ဆက်လက်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၉၉၆/၂၀၂၂)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့် အား ၂၀၂၂ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့မှအစပြု၍ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် ၂၃၃ (က) အရ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဝဏ္ဏမောင်လွင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၂) ဦးတို့အား တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်-

(၁) ဒေါ်မင်းမင်းသက်

(၂) ဦးသိန်းဝင်း

## အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၂)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးမောင်မောင်ဦး အား တာဝန်ဝတ္တရားများ စတင် ထမ်းဆောင်သည့်နေ့မှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တိုးမြှင့် ခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၃) ဦးတို့အား တာဝန်ဝတ္တရားများ စတင် ထမ်းဆောင်သည့်နေ့မှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တိုးမြှင့် ခန့်ထားလိုက်သည်-

(၁) ဦးရဲမင်းသန်း

(၂) ဒေါ်မီမီသန်း

(၃) ဒေါက်တာ ခင်စောအေး

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**၂၀၁၉ ခုနှစ်၊ အထူးကုန်စည်ခွန် အယူခံမှုအမှတ်-၁**

| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူ** |
|---|---|---|
| British American Tobacco Myanmar Limited မြေကွက်အမှတ် (၅၅/၅၆)၊ ရွှေသံလွင်စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | **နှင့်** | အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး ပြည်တွင်းအခွန်များဦးစီးဌာန |
| လျှောက်ထားသူအတွက် လိုက်ပါ ဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဒေါ်ဖြိုးသန္တာ (အခွင့်ရကိုယ်စားလှယ်) Corporate Finance Manager (Controller) British American Tobacco Myanmar Limited |
| လျှောက်ထားခံရသူအတွက် လိုက်ပါ ဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | အမှုကြားနာခြင်းမပြုမီ ရုပ်သိမ်းခွင့် လျှောက်ထားခြင်းဖြစ်သည်။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | - | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် |

**စီရင်ချက်**

အမှုမှာ British American Tobacco Myanmar Limited ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ထုတ်ကုန်ပစ္စည်းများရောင်းချသဖြင့် ကျသင့်သည့် အထူးကုန်စည်ခွန်မှ ထုတ်လုပ်မှုတွင်အသုံးပြုခဲ့သည့် ကုန်ကြမ်းအတွက် Import တင်သွင်းစဉ် ပေးဆောင်ခဲ့ရသောအထူးကုန်စည်ခွန်များကို ခုနှိမ်ရာတွင် ပိုမို ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန် ကျပ် ၂၀၇,၉၀၅,၉၁၆ ကို ပြည်တွင်းအခွန်များဦးစီးဌာန၏ ညွှန်ကြားလွှာ အမှတ် (၄/၂၀၁၆) (ဥစ) အရ လုပ်ငန်း၏အသုံးစရိတ်အဖြစ် ခုနှိမ်ရန် ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန် ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အခွန်စာရင်းစစ်ဆေးရေးအဖွဲ့က ၂၈-၃-၂၀၁၈ ရက်စွဲပါ Notification of Audit

Result (LTO-3) ဖြင့် သတ်မှတ်ခဲ့ရာ ကျေနပ်မှုမရှိ၍ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ ဌာနမှူးထံ အယူခံဝင်ရောက်ခဲ့သော်လည်း မူလအမိန့်ကို အတည်ပြုခဲ့သည့်အတွက် အဆိုပါ အခွန်ပမာဏကို နောင်နှစ်များတွင် ပေးဆောင်ရမည့် အထူးကုန်စည်ခွန်နှင့် သယ်ဆောင်ခုနှိမ်ခွင့်ပြုပါရန် အယူခံတင်သွင်းလာသည့် အမှုဖြစ်သည်။

လျှောက်ထားသူက ယခုဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါကြောင့် ခရီးသွားလာရေးအကန့်အသတ်များရှိနေခြင်း၊ ရှေ့နေငှားရမ်းခ စရိတ်စကများအပါအဝင် စီမံခန့်ခွဲမှုဆိုင်ရာ အခက်အခဲများရှိနေခြင်း၊ ၆-၁၀-၂၀၂၁ ရက်နေ့မှစတင်၍ ကုမ္ပဏီ၏ ကုန်ထုတ်လုပ်မှု၊ အရောင်းနှင့် ဖြန့်ချိရေးလုပ်ငန်းများအားလုံးကို ပိတ်သိမ်းရပ်စဲပြီး မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှုများကို ရုပ်သိမ်းရန်စီစဉ်လျက်ရှိခြင်း၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၏အယူခံအမိန့်ကိုလက်ခံပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ခြင်းတို့ကြောင့် အယူခံအမှုကို ရုပ်သိမ်းခွင့်ပြုပါရန် ယင်း၏ဆန္ဒအလျောက် တင်ပြလျှောက်ထားလာသည်။

လျှောက်ထားသူက အမှုကြားနာခြင်းမပြုမီ ရုပ်သိမ်းခွင့်ပြုပါရန် ယင်း၏ဆန္ဒအလျောက် တင်ပြလာသည့် အကြောင်းအချက်များသည် ခိုင်လုံကြောင်းသုံးသပ်တွေ့ရှိရသဖြင့် အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်-

**အမိန့်**

လျှောက်ထားသူ British American Tobacco Myanmar Limited က အမှုကြားနာခြင်းမပြုမီ ရုပ်သိမ်းခွင့်ပြုပါရန် အကြောင်းအချက်ခိုင်လုံစွာဖြင့် ယင်း၏ဆန္ဒအလျောက် တင်ပြလျှောက်ထားလာခြင်းဖြစ်၍ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၂၇ နှင့်အညီ အယူခံမှုကို ရုပ်သိမ်းခွင့်ပြုလိုက်သည်။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၂၈ အရ ရုပ်သိမ်းခွင့်ပြုပြီးသောအမှုကို ပြန်လည်ဖွင့်လှစ်ပေးရန် ထပ်မံလျှောက်ထားခွင့်မရှိစေရ။

| | | |
|---|---|---|
| ဝင်းနိုင် | ဖေယျကြည်ညွန့် | ဝင်းတင် |
| အဖွဲ့ဝင် | ခုံအဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**၂၀၂၁ ခုနှစ်၊ အကောက်ခွန်လွှဲအပ်မှုအမှတ်-၁**

| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူ** |
|---|---|---|
| Zwe Brothers Co., Ltd<br>အမှတ် (၁၆၃)၊ ၃၄ လမ်း (အထက်)၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။<br>ဦးမောင်လွင် (အခွင့်ရကိုယ်စားလှယ်)<br>အုပ်ချုပ်မှုဒါရိုက်တာ<br>[၁၂/မဂတ (နိုင်) ၀၂၀၈၉၈]<br>အမှတ် (၁၆)၊ (၃) လွှာ၊ ဦးဖိုးကျားလမ်း၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | **နှင့်** | ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ<br>အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး |

| | | |
|---|---|---|
| လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးရွှေမင်း၊ တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးပိုင်သူမိုးအောင်၊ ဦးစီးအရာရှိ (ဌာနဆိုင်ရာကိုယ်စားလှယ်) အကောက်ခွန်ဦးစီးဌာန |
| အမိန့်ချမှတ်သည့်ရက်စွဲ | - | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် |

## စီရင်ချက်

အမှုမှာ Zwe Brothers Co., Ltd မှ သွင်းကုန်ကြေညာလွှာဖြင့် တင်သွင်းလာသော Reconditioned Portable Copier (44) Units နှင့် Reconditioned Copier (111) Units စုစုပေါင်းခန့်မှန်း တန်ဖိုး ကျပ် ၁၄,၃၅၀,၇၆၇ သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၁၄-၅-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) အရ တင်သွင်းခွင့်မရှိသောပစ္စည်းများဖြစ်သဖြင့် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အရ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သောကြောင့် အခင်းဖြစ်ပစ္စည်းများကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာ အဖြစ်သိမ်းဆည်းကြောင်း ချမှတ်ခဲ့သည့် အမိန့်ကို ကျေနပ်မှုမရှိသဖြင့် အခွန်အယူခံ ခုံအဖွဲ့ထံသို့ အကောက်ခွန် အယူခံမှုအမှတ် ၃၅/၂၀၂၀ ဖြင့် အယူခံဝင်ရောက်ခဲ့ရာ ခုံအဖွဲ့က အကောက်ခွန်ဦးစီးဌာန၊ ထုတ်ကုန်သွင်းကုန် ကြီးကြပ်ရေးဌာနခွဲ၏ အမိန့်ကိုအတည်ပြု၍ အယူခံမှုကို ပလပ်ကြောင်း ၅-၅-၂၀၂၁ ရက်နေ့တွင် အမိန့် ချမှတ်ခဲ့သည့်အတွက် ကုမ္ပဏီက တင်သွင်းလာသော Reconditioned Copier များကို ဥပဒေနှင့်အညီ တင်သွင်းခြင်း ဟုတ် မဟုတ် အဆုံးအဖြတ်ရယူနိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးပါရန် လျှောက်ထားလာသည့် အမှုဖြစ်ပါသည်။

စုံညီခုံအဖွဲ့သည် နှစ်ဖက်ပုဂ္ဂိုလ်များ၏ လျှောက်လဲတင်ပြချက်များကို ဗီဒီယိုဆက်သွယ်မှုဖြင့် လက်ခံကြားနာခဲ့ရာတွင် လျှောက်ထားသူ (ကိုယ်စား) တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်းမှ လျှောက်လဲ တင်ပြရာ၌ အယူခံမှုတွင် ဖော်ပြလျှောက်လဲခဲ့သည့် အယူခံအကြောင်းပြချက် ၁၃ ချက်နှင့် ခုံအဖွဲ့၏ အယူခံ သုံးသပ်ဆုံးဖြတ်ချက်များကို တင်ပြထားပါကြောင်း၊ အခွန်အယူခံခုံအဖွဲ့၏ စီရင်ချက်အမိန့်ပါ ဖော်ပြချက် များအနက် ဥပဒေကြောင်းအရ ဖြေရှင်းရမည့်ပြဿနာ ၃ ရပ် ရှိပါကြောင်း ပထမဆုံးဥပဒေကြောင်းအရ ဖြေရှင်းရမည့်ပြဿနာမှာ လျှောက်ထားသူတင်သွင်းခဲ့သော Copier များသည် အသုံးပြုပြီးစက်ပစ္စည်း (Used Machine) များမဟုတ်ဘဲ ပြန်လည်ပြုပြင်မွမ်းမံထားသော (Reconditioned) ပစ္စည်းများ ဖြစ်ကြောင်း သွင်းကုန်ကြေညာလွှာ၊ Sales Contract, Commercial Invoice, Packing List, Proforma Invoice, Bill of Lading စသည့် စာမှတ်စာတမ်းအထောက်အထားများကို တင်ပြခဲ့သော်လည်း ခုံအဖွဲ့၏ စီရင်ချက်တွင် အဆိုပါ ပစ္စည်းများသည် တင်သွင်းခွင့်မပြုသော အသုံးပြုပြီးစက်ပစ္စည်းများ (Used Machine) များဖြစ်ကြောင်း ကောက်ယူသုံးသပ်ထားခြင်းသည် ဥပဒေကြောင်းအရ မှန်ကန်မှု ရှိ မရှိ ဖြစ်ပါကြောင်း၊ လျှောက်ထားသူတင်သွင်းခဲ့သော Copier များကို စင်ကာပူနိုင်ငံမှ ၁၂-၅-၂၀၂၀ ရက်နေ့တွင် ဝယ်ယူခဲ့ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) ကို ၁၄-၅-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပာယ် ဖွင့်ဆိုရေးဥပဒေပုဒ်မ ၃ (င) တွင် "ဥပဒေတစ်ရပ်ရပ်တွင် နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှု ရှိစေမည်ဟုအတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင်ယင်းဥပဒေသည်နောက်ကြောင်းပြန်အာဏာသက်ရောက်မှု မရှိစေရ" ဟု ပြဋ္ဌာန်းထားပါကြောင်း၊ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) တွင် နောက်ကြောင်းပြန်

အာဏာသက်ရောက်ကြောင်း ပြဋ္ဌာန်းချက်မပါရှိသဖြင့် အမိန့်ထုတ်ပြန်သည့် ၁၄-၅-၂၀၂၀ ရက်နေ့မှစ၍ အာဏာသက်ရောက်ပါကြောင်း၊ သို့သော် အခွန်အယူခံခုံအဖွဲ့က ယင်းကိစ္စနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ သုံးသပ်ဖော်ပြခြင်းမပြုဘဲ ယင်းအမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) ပါ ပြဋ္ဌာန်းချက်များအား ချိုးဖောက်ကြောင်း ကောက်ယူသုံးသပ်ခဲ့ခြင်းသည် ဥပဒေကြောင်းအရမှန်ကန်မှုရှိမရှိဖြစ်ပါကြောင်း၊ အခွန်အယူခံခုံအဖွဲ့သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) တွင် နောက်ကြောင်းပြန်အာဏာသက်ရောက်သည့် ပြဋ္ဌာန်းချက် ပါ မပါ စဉ်းစားသုံးသပ်ခြင်းမပြုခဲ့ခြင်းသည် တရားမျှတမှုဆိတ်သုဉ်းရာရောက်ပါကြောင်း၊လျှောက်ထားသူတင်သွင်းခဲ့သောCopierများသည်သွင်းကုန်လိုင်စင် လျှောက်ထားရန်မလိုဘဲ လွတ်လပ်စွာတင်သွင်းခွင့်ရှိသည့် Non-Licence ပစ္စည်းများဖြစ်ပါလျက်၊ ယင်းပစ္စည်းများသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ကို ဖောက်ဖျက်ကျူးလွန်ခြင်း ဖြစ်သောကြောင့် ပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် အကောက်ခွန်ဦးစီးဌာနက သိမ်းဆည်း အရေးယူခဲ့ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ကြောင်း ခုံအဖွဲ့က ကောက်ယူသုံးသပ်ခဲ့ခြင်းသည် ဥပဒေကြောင်းအရ မှန်ကန်မှု ရှိ မရှိ ဖြစ်ပါကြောင်း၊ လျှောက်ထားသူတင်သွင်းသည့် Copier များသည် သွင်းကုန်လိုင်စင်မလိုဘဲ လွတ်လပ်စွာ တင်သွင်းခွင့်ပြုထားသောပစ္စည်းများဖြစ်ပါလျက် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အရ သွင်းကုန်လိုင်စင်လိုအပ်သည်ဟု စွပ်စွဲအရေးယူခဲ့ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၀ ပါ "နိုင်ငံသားများသည် နိုင်ငံတော်အတွင်း အမျိုးသားစီးပွားရေး ဖွံ့ဖြိုး တိုးတက်စေရေးအတွက် စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့် ရှိသည်။" ဆိုသည့် ပြဋ္ဌာန်းချက်ကို ချိုးဖောက်ရာ ရောက်ပါကြောင်း၊ လျှောက်ထားသူ ကုမ္ပဏီမှ တင်သွင်း လာသည့် အခင်းဖြစ်ပစ္စည်းများသည် ဥပဒေနှင့် အညီ တင်သွင်းခဲ့ခြင်း ဟုတ် မဟုတ် အဆုံးအဖြတ် ရယူနိုင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အမှုအားလွှဲအပ်ပေးပါရန် တင်ပြအပ်ပါကြောင်း လျှောက်လဲပါသည်။

လျှောက်ထားခံရသူကိုယ်စား ဌာနဆိုင်ရာကိုယ်စားလှယ် ဦးပိုင်သူမိုးအောင်မှ ချေပလျှောက်လဲရာ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အသုံးပြုပြီး စက်ပစ္စည်း (Used Machine) များ အား တင်သွင်းခွင့်ပြုခြင်းနှင့်ပတ်သက်၍ အငယ်စား၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ အပါအဝင် စက်မှုကုန်ထုတ်လုပ်ငန်းများ လုပ်ငန်းတည်ထောင်ရာ၌ အထောက်အကူဖြစ်စေရန်အတွက် အသုံးပြုပြီးပစ္စည်းများကို အထူးကိစ္စရပ်အနေဖြင့် တင်သွင်းခွင့်ပြုရာတွင် ပြည်တွင်း၌အသုံးမတည့်သော စက်ပစ္စည်းများ စုပုံနေခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်ပေါ်စေရန်နှင့် လုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုစွမ်းရည်တိုးတက်ရန်ရည်ရွယ်၍ တင်သွင်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက် များကို အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး အပိုဒ် (၅) တွင် တင်သွင်းခွင့် မပြုသည့် အသုံးပြုပြီးစက်ပစ္စည်းများစာရင်းကို ပြဋ္ဌာန်းထားပါကြောင်း၊ လျှောက်ထားသူ Zwe Brothers Co., Ltd က တင်သွင်းလာသော Reconditioned Portable Copier (44) Units နှင့် Reconditioned Copier (111) Units စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် ၁၄,၃၅၀,၇၆၇ သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ (၁၄-၅-၂၀၂၀) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) အရ တင်သွင်းခွင့် မရှိသော ပစ္စည်းများဖြစ်သဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ကို ဖောက်ဖျက် ကျူးလွန်ခြင်းဖြစ်၍ အခင်းဖြစ်ပစ္စည်းများကို ပုဒ်မ ၁၆၇ (၈) အရ အကောက်ခွန်ဦးစီးဌာနက ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ပါကြောင်း၊ လျှောက်ထားသူမှ တင်သွင်းလာသော Copier များသည် အသုံးပြုပြီးစက်ပစ္စည်းများမဟုတ်ဘဲ ပြန်လည်ပြုပြင်ထားသော ပစ္စည်းများသာဖြစ်ကြောင်း ငြင်းဆို နေသော်လည်း အဆိုပါပစ္စည်းများသည် Brand New ဖြစ်ပါသည် ဆိုသည့်အချက်အား သိသာထင်ရှားစွာ

ဖြေရှင်းတင်ပြနိုင်မှုမရှိသည်မှာ အငြင်းပွားဖွယ်မရှိသည်မှာ မြင်သာသောအချက်ပင် ဖြစ်ပါကြောင်း၊ အဆိုလွှာတွင် ပြုပြင်ပြီး အာမခံလက်မှတ်အထောက်အထားအဖြစ် တင်ပြခြင်းဟု ဖော်ပြထားရာ Brand New ပစ္စည်းမဟုတ်ဘဲ အသုံးပြုပြီးပစ္စည်းများအား ပြန်လည်ပြုပြင်ထားသည် ဆိုသည့်အချက်မှာ အငြင်းမပွားပေါ်ပေါက်ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) အပိုဒ်(၅) တွင် ကုန်ထုတ်လုပ်ငန်းများနှင့် တိုက်ရိုက် သက်ဆိုင်မှုမရှိသော မိတ္တူကူးစက်များ၊ စီးပွားဖြစ်ပြန်လည်ရောင်းချရန် ရည်ရွယ်ချက်ဖြင့် တင်သွင်းမည့် အသုံးပြုပြီးပစ္စည်းများ တင်သွင်းခွင့်မပြုရဟု အတိအလင်းထုတ်ပြန်ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) ဖြင့် အသုံးပြုပြီး စက်ပစ္စည်း (Used Machine) များ တင်သွင်းခွင့်ပြုခြင်း အမိန့်ကြော်ငြာစာအား ၁၄-၅-၂၀၂၀ ရက်နေ့ ထုတ်ပြန် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများသည် ၂၄-၅-၂၀၂၀ ရက်နေ့၌ ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ခြင်းဖြစ်သဖြင့် အခင်းဖြစ်ပစ္စည်းများအပေါ် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီအရေးယူဆောင်ရွက်ခဲ့ခြင်းသည် နောက်ကြောင်းပြန်အရေးယူဆောင်ရွက်ထားခြင်း မဟုတ်သည်မှာ အငြင်းပွားဖွယ်မရှိဘဲပေါ်လွင်ထင်ရှားနေပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) ပါ အပိုဒ် (၅) တွင် တင်သွင်းခွင့်မပြုသော အသုံးပြုပြီးစက်ပစ္စည်းများ၌အကျုံးဝင်နေခြင်းကြောင့်ပြည်ထောင်စုအစိုးရအဖွဲ့မှတာဝန်ပေးအပ်သောပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုကဖြစ်စေ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကဖြစ်စေအခါအားလျော်စွာ အစိုးရပြန်တမ်းတွင် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ဖြစ်စေ၊ ပြင်ပသို့ဖြစ်စေသတ်မှတ်ထားသော ကုန်ပစ္စည်းများကို မည်သည့်သယ်ယူပို့ဆောင်ခြင်းနည်းဖြင့်မဆို တင်သွင်းခြင်း၊ တင်ပို့ခြင်းကို ကန့်သတ်ချုပ်ချယ်နိုင်သည် သို့မဟုတ် ပိတ်ပင်တားမြစ်နိုင်သည်။ ယင်းသို့ ကန့်သတ်ချုပ်ချယ်တားမြစ်ပိတ်ပင်ထားသော မည်သည့်တရားမဝင်ကုန်ပစ္စည်းများကိုမဆို တင်သွင်းတင်ပို့ခြင်း ပြုလုပ်ပါကတည်ဆဲဥပဒေများအရ အရေးယူနိုင်သည်ဟု ပြဋ္ဌာန်းထားခြင်းကြောင့်တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းသာဖြစ်ပါကြောင်း၊ လျှောက်ထားသူ Zwe Brothers Co., Ltd မှ တင်သွင်းလာသော Reconditioned Portable Copier (44) Units နှင့် Reconditioned Copier (111) Units တို့သည် တင်သွင်းခွင့်မပြုသော အသုံးပြုပြီးစက်ပစ္စည်းများဖြစ်နေခြင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) ပါ ပြဋ္ဌာန်းချက်အားချိုးဖောက်ပြီး တရားမဝင်တင်သွင်းလာခြင်းသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ကို ဖောက်ဖျက်ကျူးလွန်ကြောင်းထင်ရှားသဖြင့် အခင်းဖြစ်ပစ္စည်းများအား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းအရေးယူခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ထားပြီးဖြစ်ခြင်း၊ မူလအယူခံမှုတွင်လည်း ရုံးတော်မှ ကျယ်ကျယ်ပြန့်ပြန့်သုံးသပ်ဆုံးဖြတ်ပြီးဖြစ်ခြင်း၊ ဥပဒေကြောင်းအရ မှားယွင်းစွာကောက်ယူသုံးသပ်ဆုံးဖြတ်ထားပါသည်ဟု ဖော်ပြထားသည့် အဆိုသည်လည်း ခိုင်မာသည့်ဥပဒေအကြောင်းအရာ အချက်အလက်များအား တိကျပေါ်လွင်မြင်သာစွာ ထည့်သွင်းတင်ပြနိုင်မှု မရှိခြင်းတို့ကြောင့် မူလအယူခံရုံး၏ အမိန့်ကိုသာအတည်ပြု၍ အကောက်ခွန်လွှဲအပ်မှု လျှောက်ထားချက်ကိုလက်ခံရန် မသင့်ပါကြောင်း ချေပလျှောက်လဲသည်။

လျှောက်ထားခံရသူ၏ ချေပလျှောက်လဲချက်အပေါ် ပြန်လည်ရှင်းလင်းလျှောက်လဲရာ၌ ယခုလွှဲအပ်မှုသည် မည်သည့်အကြောင်းအချက်ကိုမူတည်၍ ဖြစ်ပေါ်လာသည်ကို တင်ပြလိုပါကြောင်း၊ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) သည် Retroactive Action နောက်ကြောင်းပြန်အာဏာသက်ရောက်မှု

ပြဋ္ဌာန်းမထားသည့်အတွက် ဤအမိန့်မထုတ်ပြန်မီက Free Circulation ဖြင့် ဆောင်ရွက်နေသည့်ကိစ္စများသည် Jam ဖြစ်စေပါကြောင်း၊ ဌာနဆိုင်ရာကိုယ်စားလှယ်က အခင်းဖြစ်ပစ္စည်းများကို Used Machine အသုံးပြုပြီးဖြစ်သောပစ္စည်းများအဖြစ် တင်ပြခဲ့ပါကြောင်း၊ ယင်းတင်ပြချက်ကို ဥပမာနှင့် ပြောကြားလိုပါကြောင်း၊ မော်တော်ကားများကို Used အနေဖြင့် တင်သွင်းခွင့်မပြုပါကြောင်း၊ Reconditioned အဆင့်မှသာ လက်ခံပါကြောင်း၊ လျှောက်ထားသူ၏ စာရွက်စာတမ်းအထောက်အထားများတွင်လည်း Reconditioned ကို အထပ်ထပ်ဖော်ပြထားပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများသည် ပြည်တွင်း၌ ထုတ်လုပ်သော ပစ္စည်းများ မဟုတ်ပါကြောင်း၊စင်ကာပူနိုင်ငံမှတင်သွင်းထားခြင်းဖြစ်ပြီးစင်ကာပူနိုင်ငံဥပဒေအရအခင်းဖြစ်ပစ္စည်းများ (Copiers) သည် Used ပစ္စည်းများအဖြစ်မှ Reconditioned အဖြစ်သို့ ပြောင်းလဲသတ်မှတ်၍မရပါကြောင်း၊ ထိုကဲ့သို့ ပြုလုပ်ခဲ့လျှင်လည်း အခင်းဖြစ်ပစ္စည်းများ တင်ပို့သည့် ကုမ္ပဏီအနေဖြင့် စင်ကာပူနိုင်ငံတွင် ရပ်တည်၍မရနိုင်ပါကြောင်း၊ ဆိုလိုသည်မှာ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရသည့် ကုမ္ပဏီ စာရွက်စာတမ်းများတွင် စကားလုံးတစ်လုံးစီတိုင်းသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် အခင်းဖြစ်ပစ္စည်းများသည် Reconditioned ဖြစ်ကြောင်းကို အထောက်အထားနှင့် တင်ပြပြီးဖြစ်ပါကြောင်း၊ ပစ္စည်းများတင်သွင်းခြင်းတွင် Used machine၊ Reconditioned machine၊ Brand new machine ဟူ၍ အဆင့် (၃) ဆင့် ဖြစ်ပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများသည် စာရွက်စာတမ်းအထောက်အထားများအရ Reconditioned ဖြစ်သောကြောင့် အသုံးပြုပြီး Used machine အဖြစ် သတ်မှတ်၍မရပါကြောင်း၊ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) သည် နောက်ကြောင်းပြန်အာဏာသက်ရောက်မှုပြဋ္ဌာန်းမထားသည့်အတွက် ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၃ (င) အရ နောက်ကြောင်းပြန်အာဏာသက်ရောက်၍မရပါကြောင်း၊ သို့ဖြစ်ပါ၍ ယင်းအမိန့်ကြော်ငြာစာသည် လျှောက်ထားသူကုမ္ပဏီ၏ တင်သွင်းလာသည့် ပစ္စည်းများနှင့် သက်ဆိုင်မှုမရှိပါကြောင်းကို တင်ပြလိုပါကြောင်း၊ ထို့ကြောင့် အမိန့်ကြော်ငြာစာနှင့်အကျုံးဝင်သည်မဝင်သည်အငြင်းပွားမှုသည်ဥပဒေပြဿနာဖြစ်ပါကြောင်း၊နစ်နာသူသည် မိမိတို့ နိုင်ငံသား အခွန်ထမ်းပြည်သူများသာဖြစ်ပါကြောင်း၊ အမိန့်ကြော်ငြာစာနှင့် အကျုံးဝင်မှု မဝင်မှုကို အကောက်ခွန်လွှဲအပ်မှုအနေဖြင့် ရုံးတော်က ထည့်သွင်းစဉ်းစားပေးစေလိုပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများသည် အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) နှင့် အကျုံးဝင်မှု မဝင်မှုကို ဆုံးဖြတ်နိုင်ရန်အလို့ငှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဥပဒေနှင့်အညီ လွှဲအပ်မှုအဖြစ် ဆောင်ရွက်ပေးစေလိုပါကြောင်း ရှင်းလင်းလျှောက်လဲခဲ့ပါသည်။

စုံညီခုံအဖွဲ့သည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ လျှောက်လဲတင်ပြချက်များကို ဗီဒီယိုဆက်သွယ်မှုဖြင့် ကြားနာပြီးဖြစ်သည့်အပြင် လျှောက်ထားခံရသူက ချေလွှာနှင့်အတူ ပေးပို့လာသည့် ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခြင်းဆိုင်ရာ အမှုတွဲပါစာတမ်းအမှတ်အသားများ၊ သက်သေခံချက်များကို အသေးစိတ် ကြည့်ရှုလေ့လာခဲ့ပါသည်။ ထိုသို့ လျှောက်လဲတင်ပြချက်များနှင့် အမှုတွဲပါအထောက်အထား၊ တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များကို အပြန်ပြန်အလှန်လှန်သုံးသပ်ခဲ့ရာ လျှောက်ထားသူတင်သွင်းလာသော Copier များသည် အသုံးပြုပြီးစက်ပစ္စည်းများ (Used Machine) များဖြစ်ကြောင်း ခုံအဖွဲ့က ကောက်ယူသုံးသပ်ထားခြင်းသည် ဥပဒေကြောင်းအရ မှန်ကန်မှု ရှိ မရှိ ဟူသော တင်ပြချက်နှင့်စပ်လျဉ်း၍ အယူခံမှုတွင် လျှောက်ထားသူက ၎င်းတင်သွင်းလာသော Copier များသည် Reconditioned ပစ္စည်းများ ဖြစ်ကြောင်း သွင်းကုန်ကြေညာလွှာ၊ Sale Contract, Commercial Invoice, Packing List, Proforma Invoice, Bill of Lading စသည့် အထောက်အထားများ တင်ပြထားသည် ဆိုသော်လည်း မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းများနှင့်အညီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စိစစ်၍ "ပြန်လည်ပြုပြင်ထားသောပစ္စည်းများ" အဖြစ် သတ်မှတ်ခွင့်ပြုထားသည့် ခွင့်ပြုချက်တစ်စုံတစ်ရာ တင်ပြထားမှုမရှိခြင်း၊ အပြည့်အဝပြန်လည်ပြုပြင်ထားသော စက်ပစ္စည်းများမဟုတ်ကြောင်း ပေါ်ပေါက်ခြင်း၊

တင်သွင်းပြီးနောက် (၁၀) နှစ်အတွင်း ကောင်းမွန်စွာသုံးစွဲနိုင်ကြောင်း စင်ကာပူနိုင်ငံရှိ TLS ကုမ္ပဏီ၏ အာမခံချက် (Warrenty) မပါဝင်ဘဲ (၂) နှစ် အာမခံလက်မှတ်သာ အထောက်အထားအဖြစ် တင်ပြထားကြောင်း ပေါ်ပေါက်ခြင်းတို့ကြောင့် အဆိုပါ Copier များသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်အရ Reconditioned ပစ္စည်းများဖြစ်ကြောင်း ထင်ရှားပေါ်ပေါက်မှု မရှိသည်ကိုတွေ့ရှိရသည်။ သို့ဖြစ်၍ ခုံအဖွဲ့က လျှောက်ထားသူ တင်သွင်းလာသောပစ္စည်းများကို Used Machine များဟု ကောက်ယူသုံးသပ်ခြင်းသည် ဥပဒေကြောင်းအရ ဖြေရှင်းရမည့် အချက်မဟုတ်ပေ။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) တွင် နောက်ကြောင်းပြန် အာဏာသက်ရောက်ကြောင်း ပြဋ္ဌာန်းချက်မပါရှိခြင်းကို တစ်စုံတစ်ရာသုံးသပ်ဖော်ပြခြင်းမရှိဘဲ ၁၂-၅-၂၀၂၀ ရက်နေ့တွင် စင်ကာပူနိုင်ငံမှ ဝယ်ယူခဲ့သည့် Copier များ တင်သွင်းခြင်းအပေါ် ၁၄-၅-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အဆိုပါ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) ပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ခုံအဖွဲ့က ကောက်ယူသုံးသပ်ခြင်းသည် ဥပဒေကြောင်းအရ မှန်ကန်မှု ရှိ မရှိ ဟူသော တင်ပြချက်နှင့်စပ်လျဉ်း၍စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) ပါ ပြဋ္ဌာန်းချက်များသည် "တင်သွင်းခြင်း" ကို ခွင့်ပြု/တားမြစ်သည့် ပြဋ္ဌာန်းချက်များဖြစ်ပြီး "ဝယ်ယူခြင်း" အပေါ် ကန့်သတ်သည့်ပြဋ္ဌာန်းချက်များ မဟုတ်သောကြောင့် ဝယ်ယူသည့်နေ့ရက်ကို အကြောင်းပြု၍ နောက်ကြောင်းပြန်အာဏာသက်ရောက်နေသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ နောက်ကြောင်းပြန်အာဏာသက်ရောက်သည် ဆိုသည့်အချက်မှာ လျှောက်ထားသူ၏ ထင်မြင်ယူဆချက်ဖြင့်သာ တင်ပြခြင်းဖြစ်သောကြောင့် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ခုံအဖွဲ့က တစ်စုံတစ်ရာသုံးသပ်ဖော်ပြမှု မရှိခြင်းသည် ဥပဒေကြောင်းအရဖြေရှင်းရမည့် အချက်မဟုတ်သည်မှာ ထင်ရှားပါသည်။

အခွင်းဖြစ်ပစ္စည်းများသည် သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုဘဲ လွတ်လပ်စွာ တင်သွင်းခွင့်ရှိသည့် Non-Licence ပစ္စည်းများဖြစ်ပါလျက်၊ ယင်းပစ္စည်းများသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၉ ကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သောကြောင့် ပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် အကောက်ခွန်ဦးစီးဌာနက သိမ်းဆည်းအရေးယူခဲ့ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ကြောင်း ခုံအဖွဲ့က ကောက်ယူသုံးသပ်ခဲ့ခြင်းသည် ဥပဒေကြောင်းအရ မှန်ကန်မှု ရှိ မရှိ ဟူသော တင်ပြချက်နှင့်စပ်လျဉ်း၍ လျှောက်ထားသူ တင်သွင်းခဲ့သောကုန်ပစ္စည်းများသည် သွင်းကုန်လိုင်စင်လျှောက်ထားရန် မလိုသောပစ္စည်းများဖြစ်သော်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အဆိုပါပစ္စည်းများ တင်သွင်းရန် စိစစ်ခွင့်ပြုထားသည့် ခွင့်ပြုမိန့်အထောက်အထား တစ်စုံတစ်ရာမရှိကြောင်း ပေါ်ပေါက်သဖြင့် ယင်းပစ္စည်းများကို လုပ်ထုံးလုပ်နည်း စည်းမျဉ်း ကန့်သတ်ချက်များနှင့်အညီ တင်သွင်းလာသည်ဟု ဆိုနိုင်မည်မဟုတ်ကြောင်း သုံးသပ်တွေ့ရှိရသည်။ သို့ဖြစ်၍ ခုံအဖွဲ့က ၎င်း၏စီရင်ချက်တွင် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ၊ အခန်း (၄) အရ စည်းကမ်းကန့်သတ်ထားဆဲဖြစ်သည့် ပစ္စည်းတစ်ခုခုကို စည်းမျဉ်းကန့်သတ်ချက်များနှင့် ဆန့်ကျင်တင်သွင်းလာခြင်းဖြစ်၍ ယင်းအက်ဥပဒေပုဒ်မ ၁၉ ကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သောကြောင့် ပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ကြောင်း သုံးသပ်အမိန့်ချထားခြင်းဖြစ်ကြောင်း တွေ့ရှိရသဖြင့် ဥပဒေကြောင်းအရ ဖြေရှင်းရမည့်အချက် ပေါ်ပေါက်မှုမရှိပေ။

သို့ဖြစ်ပါ၍ အခွန်အယူခံခုံအဖွဲ့၏ ၂၀၂၀ ပြည့်နှစ် အကောက်ခွန်အယူခံမှုအမှတ် ၃၅ တွင် ချမှတ်ခဲ့သော စီရင်ချက်ပါ သုံးသပ်ဆုံးဖြတ်ချက်များသည် ဥပဒေပြဿနာ သို့မဟုတ် ဥပဒေကဲ့သို့ အာနိသင်ရှိသော ပြဿနာများသော်လည်းကောင်း၊ ဥပဒေပြဿနာနှင့်စပ်လျဉ်း၍ အကြောင်းအားလျော်စွာ

သံသယဖြစ်ဖွယ်သော်လည်းကောင်း ပေါ်ပေါက်ခြင်းမရှိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးရန် လိုအပ်ခြင်းမရှိကြောင်း သုံးသပ်ရရှိခြင်းကြောင့် အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်-

**အမိန့်**

အခွန်အယူခံခုံအဖွဲ့၏ ၅-၅-၂၀၂၁ ရက်စွဲပါ အမိန့်စာအမှတ်၊ အခဃ (ဖွဲ့)/၃/၀၃ (၁၇၂/၂၀၂၁) ဖြင့် ထုတ်ပြန်ထားသော အမိန့်ကိုအတည်ပြုလျက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အမှုအား လွှဲအပ်ပေးပါရန် လျှောက်ထားသည့် ဤလွှဲအပ်မှုကို ပလပ် လိုက်သည်။

မြင့်ဦး
ဥက္ကဋ္ဌ
စုံညီခုံအဖွဲ့

| | | |
|---|---|---|
| ကျော်ကျော်<br>အဖွဲ့ဝင် | ဇေယျကြည်ညွန့်<br>အဖွဲ့ဝင် | ရီရီမြင့်<br>အဖွဲ့ဝင် |
| ဝင်းနိုင်<br>အဖွဲ့ဝင် | ဝင်းတင်<br>အဖွဲ့ဝင် | ဦးကြည်<br>အဖွဲ့ဝင် |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**၂၀၂၁ ခုနှစ်၊ အကောက်ခွန်လွှဲအပ်မှုအမှတ်-၂**

| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူ** |
|---|---|---|
| S.T.L Co., Ltd<br>အမှတ် (၈၆/၁၁၀)၊ အခန်း (၈)၊<br>ဗိုလ်အောင်ကျော်လမ်း၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး<br>ဒေါ်စန်းဆင့်ဆင့်ထွန်း<br>(အခွင့်ရကိုယ်စားလှယ်)၊ ဒါရိုက်တာ<br>[၁၃/တကန (နိုင်) ၀၀၄၅၉၂]<br>အမှတ် ၃၆/က (A-1)၊ ရွာလယ်လမ်း၊<br>၈/မြောက်ရပ်ကွက်၊<br>သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | **နှင့်** | ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ<br>အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး |
| လျှောက်ထားသူအတွက် လိုက်ပါ<br>ဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးရွှေမင်း၊ တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူအတွက် လိုက်ပါ<br>ဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးပိုင်သူမိုးအောင်၊ ဦးစီးအရာရှိ (ဌာနဆိုင်ရာ<br>ကိုယ်စားလှယ်)၊ အကောက်ခွန်ဦးစီးဌာန |
| အမိန့်ချမှတ်သည့်ရက်စွဲ | - | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် |

## စီရင်ချက်

အမှုမှာ ၁၇-၇-၂၀၂၀ ရက်နေ့တွင် S.T.L Co., Ltd မှ တင်သွင်းလာသော Rec : Printer And Accs: Item (၉) မျိုး၊ ခန့်မှန်းတန်ဖိုး ကျပ် ၁၁,၃၅၀,၅၉၃ ခန့်သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) ဖြင့် ကန့်သတ်ပိတ်ပင်ထားသည့်ပစ္စည်းများဖြစ်သဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အရ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သောကြောင့် အခင်းဖြစ်ပစ္စည်းများကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းကြောင်းချမှတ်ခဲ့သည့်အမိန့်ကို ကျေနပ်မှုမရှိသဖြင့် အခွန်အယူခံခုံအဖွဲ့သို့ အကောက်ခွန်အယူခံမှုအမှတ် (၄၀/၂၀၂၀) ဖြင့် အယူခံဝင်ရောက်ခဲ့ရာ အကောက်ခွန် ဦးစီးဌာန၊ ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ၏အမိန့်ကို အတည်ပြု၍ အယူခံမှုကိုပလပ်ကြောင်း ၅-၅-၂၀၂၁ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့သည့်အတွက် ကုမ္ပဏီကတင်သွင်းလာသော Printer and Accessories များကို ဥပဒေနှင့်အညီ တင်သွင်းခြင်း ဟုတ် မဟုတ် အဆုံးအဖြတ်ရယူနိုင်ရေး ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးပါရန် လျှောက်ထားလာသည့်အမှုဖြစ်ပါသည်။

စုံညီခုံအဖွဲ့သည် နှစ်ဖက်ပုဂ္ဂိုလ်များ၏ လျှောက်လဲတင်ပြချက်များကို ဗီဒီယိုဆက်သွယ်မှုဖြင့် လက်ခံကြားနာခဲ့ရာတွင် လျှောက်ထားသူ (ကိုယ်စား) တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်းမှ လျှောက်လဲတင်ပြရာ၌ အယူခံမှုတွင် ဖော်ပြလျှောက်လဲခဲ့သည့် အယူခံအကြောင်းပြချက် ၂၀ ချက်နှင့် ခုံအဖွဲ့၏ အယူခံသုံးသပ်ဆုံးဖြတ်ချက်များကိုတင်ပြထားပါကြောင်း၊ အခွန်အယူခံခုံအဖွဲ့၏စီရင်ချက်အမိန့်ပါ ဖော်ပြချက်များအနက် ဥပဒေကြောင်းအရ ဖြေရှင်းရမည့် ပြဿနာ ၅ ရပ်ရှိပါကြောင်း လျှောက်ထားသူ တင်သွင်းခဲ့သော Printer and Accessories များသည် အသုံးပြုပြီးစက်ပစ္စည်း (Used Machine) များ မဟုတ်ဘဲ ပြန်လည်ပြုပြင်မွမ်းမံထားသော (Reconditioned) ပစ္စည်းများဖြစ်ကြောင်း သွင်းကုန်ကြေညာလွှာ၊ Sales Contract, Commercial Invoice, Packing List, Proforma Invoice, Bill of Lading စသည့် စာမှတ်စာတမ်းအထောက်အထားများကို တင်ပြခဲ့သော်လည်း ခုံအဖွဲ့၏စီရင်ချက်တွင် အဆိုပါပစ္စည်းများသည် တင်သွင်းခွင့်မပြုသော အသုံးပြုပြီးစက်ပစ္စည်းများ (Used Machine) များဖြစ်ကြောင်း ကောက်ယူသုံးသပ်ထားခြင်းသည် ဥပဒေကြောင်းအရ မှန်ကန်မှု ရှိ မရှိ ဖြစ်ပါကြောင်း လျှောက်ထားသူတင်သွင်းခဲ့သော Printer and Accessories များကို စင်ကာပူနိုင်ငံမှ ၂-၅-၂၀၂၀ ရက်နေ့တွင် ဝယ်ယူခဲ့ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) ကို ၁၄-၅-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၃ (င) တွင် ''ဥပဒေတစ်ရပ်ရပ်တွင် နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှုရှိစေမည်ဟု အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် ယင်းဥပဒေသည် နောက်ကြောင်းပြန် အာဏာသက်ရောက်မှုမရှိစေရ'' ဟုပြဋ္ဌာန်းထားပါကြောင်း၊ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) တွင် နောက်ကြောင်းပြန်အာဏာသက်ရောက်ကြောင်း ပြဋ္ဌာန်းချက်မပါရှိသဖြင့် အမိန့်ထုတ်ပြန်သည့် ၁၄-၅-၂၀၂၀ ရက်နေ့မှစ၍ အာဏာသက်ရောက်ပါကြောင်း၊ သို့သော် အခွန်အယူခံခုံအဖွဲ့က ယင်းကိစ္စနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာသုံးသပ်ဖော်ပြခြင်းမပြုဘဲ ယင်းအမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) ပါပြဋ္ဌာန်းချက်များအား ချိုးဖောက်ကြောင်း ကောက်ယူသုံးသပ်ခဲ့ခြင်းသည် ဥပဒေကြောင်းအရ မှန်ကန်မှု ရှိ မရှိ ဖြစ်ပါကြောင်း၊ အခွန်အယူခံခုံအဖွဲ့သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) တွင် နောက်ကြောင်းပြန်အာဏာသက်ရောက်သည့် ပြဋ္ဌာန်းချက် ပါ မပါ စဉ်းစားသုံးသပ်မှုမပြုခဲ့ခြင်းသည် တရားမျှတမှုဆိတ်သုဉ်းရာရောက်ပါကြောင်း၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁ (က) ၏ ပြဋ္ဌာန်းချက်ကိုဖျက်ကွယ်ပြု၍

ဆုံးဖြတ်ရာရောက်သောကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်၍ အဆုံးအဖြတ်ယူသင့်ပါကြောင်း၊ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) တွင် တင်သွင်းခြင်းမပြုရန် တားမြစ်ထားသည့်စာရင်း၌ Printer and Accessories ပါဝင်ခြင်းမရှိသော်လည်း ယင်းအမိန့်ကို ချိုးဖောက်ကျူးလွန်ကြောင်း ကောက်ယူသုံးသပ်ခြင်းသည် ဥပဒေနှင့် ညီ မညီ ဖြစ်ပါကြောင်း၊ အဆိုအချေတို့တွင် ပါဝင်ခြင်းမရှိသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၂-၁၀-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၃/၂၀၁၅) ဖြင့် ထုတ်ပြန်ခဲ့သည့်မြန်မာနိုင်ငံ၏ပို့ကုန်သွင်းကုန်ဆိုင်ရာလုပ်ထုံးလုပ်နည်းများ(၂၀၁၅)ပါပြဋ္ဌာန်းချက်များကို စီရင်ချက်တွင် ထည့်သွင်းသုံးသပ်ထားခြင်းသည် လျှောက်ထားသူကုမ္ပဏီအတွက် ဘူးလေးရာဖရုံဆင့် သဖွယ် သက်ရောက်နေပါကြောင်း၊ ပန်နလာ(လ်)ရန်ဂလာ(လ်) နှင့် အတွင်းဝန်၊ ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာနပါ-၂ စီရင်ထုံးတွင် **အမှုကို စိစစ်ဆုံးဖြတ်ရာ၌ သက်ဆိုင်ရာရုံးများတွင် ထိုအမှုကို စီရင်သည့်အခါ အမှုတွဲများတွင် ရှိနေပြီးဖြစ်သော သက်သေခံစသည်တို့ကိုသာလျှင် စိစစ်ကိုးကား၍ ဆုံးဖြတ်ရသည်** ဟု ဆုံးဖြတ်ခဲ့သဖြင့် ခုံအဖွဲ့က အမှုတွဲတွင်သော်လည်းကောင်း၊ အဆိုပါ အချေတို့တွင်သော်လည်းကောင်း မပါရှိသည့် သက်သေခံအထောက်အထားများကို ထည့်သွင်းသုံးသပ်ခြင်းသည် ဥပဒေနှင့် ညီ မညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်အဆုံးအဖြတ်ရယူသင့်ပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများသည် သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုဘဲ လွတ်လပ်စွာတင်သွင်းခွင့်ရှိသည့် Non-Licence ပစ္စည်းများဖြစ်ပါလျက် ယင်းပစ္စည်းများသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သောကြောင့် ပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် အကောက်ခွန်ဦးစီးဌာနက သိမ်းဆည်းအရေးယူခဲ့ခြင်းသည် မှားယွင်းသည်ဟုမဆိုနိုင်ကြောင်း ခုံအဖွဲ့က ကောက်ယူသုံးသပ်ခဲ့ခြင်းသည် ဥပဒေကြောင်းအရ မှန်ကန်မှု ရှိ မရှိ ဖြစ်ပါကြောင်း၊ လျှောက်ထားသူတင်သွင်းသည့် အခင်းဖြစ်ပစ္စည်းများသည် သွင်းကုန်လိုင်စင်မလိုဘဲ လွတ်လပ်စွာတင်သွင်းခွင့်ပြုထားသော ပစ္စည်းများဖြစ်ပါလျက် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အရ သွင်းကုန်လိုင်စင်လိုအပ်သည်ဟု စွပ်စွဲအရေးယူခဲ့ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၀ ပါ "နိုင်ငံသားများသည် နိုင်ငံတော်အတွင်း အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။" ဆိုသည့် ပြဋ္ဌာန်းချက်ကို ချိုးဖောက်ရာရောက်ပါကြောင်း၊ သို့ဖြစ်ပါ၍ လျှောက်ထားသူကုမ္ပဏီက တင်သွင်းလာသည့် အခင်းဖြစ်ပစ္စည်းများသည် ဥပဒေနှင့်အညီ တင်သွင်းခဲ့ခြင်း ဟုတ် မဟုတ် အဆုံးအဖြတ်ရယူနိုင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အမှုအား လွှဲအပ်ပေးပါရန် တင်ပြပါသည်။

လျှောက်ထားခံရသူကိုယ်စား ဌာနဆိုင်ရာကိုယ်စားလှယ် ဦးပိုင်သူမိုးအောင် က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အသုံးပြုပြီး စက်ပစ္စည်း (Used Machine) များအား တင်သွင်းခွင့်ပြုခြင်းနှင့်ပတ်သက်၍ အငယ်စား၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများအပါအဝင် စက်မှုကုန်ထုတ်လုပ်ငန်းများ လုပ်ငန်းတည်ထောင်ရာ၌ အထောက်အကူဖြစ်စေရန်အတွက် အသုံးပြုပြီးပစ္စည်းများကို အထူးကိစ္စရပ်အနေဖြင့် တင်သွင်းခွင့်ပြုရာတွင် ပြည်တွင်း၌အသုံးမတည့်သော စက်ပစ္စည်းများစုပုံနေခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်ပေါ်စေရန်နှင့် လုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုစွမ်းရည်တိုးတက်ရန်ရည်ရွယ်၍ တင်သွင်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး အပိုဒ် (၅) တွင် တင်သွင်းခွင့်မပြုသည့် အသုံးပြုပြီးစက်ပစ္စည်းများစာရင်းကို ပြဋ္ဌာန်းထားပါကြောင်း၊ လျှောက်ထားသူ S.T.L Co., Ltd မှ တင်သွင်းလာသော Rec: Printer And Accs: Item (၉) မျိုး၊ ခန့်မှန်းတန်ဖိုး ကျပ် ၁၁,၃၅၀,၅၉၃ သည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၁၄-၅-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) အရ

တင်သွင်းခွင့်မရှိသောပစ္စည်းများဖြစ်သဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်၍ အခင်းဖြစ်ပစ္စည်းများကို ပုဒ်မ ၁၆၇ (၈) အရ အကောက်ခွန်ဦးစီးဌာနက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများသည် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း (AWPT) သို့ ၄-၆-၂၀၂၀ ရက်နေ့မှ ရောက်ရှိခဲ့ပါကြောင်း၊ သွင်းကုန် ကြေညာလွှာ လျှောက်ထားသည့်နေ့ရက်သည် ၈-၆-၂၀၂၀ ရက်နေ့ဖြစ်ပါကြောင်း၊ တင်ပြထားချက်များသည် အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) ထုတ်ပြန်ပြဋ္ဌာန်းပြီးသည့် ၁၄-၅-၂၀၂၀ ရက်နေ့ ကျော်လွန်ပြီးမှသာ ရောက်ရှိပြုလုပ်ခဲ့သည်မှာ အငြင်းပွားဖွယ်မရှိ ပေါ်လွင်ထင်ရှားနေပါကြောင်း၊ အမိန့်ကြော်ငြာစာအား ၁၄-၅-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး အခင်းဖြစ်ပစ္စည်းများသည် ၂၄-၅-၂၀၂၀ ရက်နေ့တွင် ရောက်ရှိခဲ့ခြင်းဖြစ်သဖြင့် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်ခဲ့ခြင်းသည်နောက်ကြောင်းပြန်အရေးယူဆောင်ရွက်ထားခြင်းမဟုတ်သည်မှာပေါ်လွင်ထင်ရှား နေပါကြောင်း၊ Sale Contract ပါရက်စွဲများသည် အမိန့်ကြော်ငြာစာမထုတ်ပြန်ခင်ကပင် ချုပ်ဆိုထားသည့် စာချုပ်ဖြစ်ကြောင်း ဖော်ပြထားသော်လည်း မြန်မာနိုင်ငံဆိပ်ကမ်းသို့ အမိန့်ကြော်ငြာစာထုတ်ပြန် ပြဋ္ဌာန်း ပြီးသည့် ၄-၆-၂၀၂၀ ရက်နေ့မှသာ ရောက်ရှိခဲ့သည်မှာ အငြင်းပွားဖွယ်မရှိ ပေါ်ပေါက်နေပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများနှင့်ပတ်သက်၍ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) ကို ၁၄-၅-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ခြင်းကို လုံးဝမသိရှိခဲ့ပါကြောင်း ထွက်ဆိုထားသော်လည်း အကောက်ခွန်အရာရှိရှေ့မှောက် ထွက်ဆိုချက်တွင် အခင်းဖြစ်ပစ္စည်းများအား တင်သွင်းခြင်းမပြုကြောင်း ပိတ်ပင်ထားခြင်းကို သိရှိရသောကြောင့် အဆိုပါ ကုန်ပစ္စည်းများအား ထုတ်ယူခြင်းမပြုဘဲ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံပါမည်ဟု ကွဲလွဲစွာ တင်ပြထားသည်မှာ မြင်သာထင်ရှားနေခြင်း၊ လျှောက်ထားသူအနေဖြင့် အခင်းဖြစ်ပစ္စည်းများသည် ကန့်သတ်ပိတ်ပင်ထားသော အမိန့်ကြော်ငြာစာပါ အသုံးပြုပြီး စက်ပစ္စည်းများမဟုတ်ဘဲ ပြန်လည်ပြုပြင် ထားသော ပစ္စည်းများသာဖြစ်ပါကြောင်း ငြင်းဆိုနေသော်လည်း Brand New ပစ္စည်းများဖြစ်သည်ဟု သိသာထင်ရှားသည့် အထောက်အထားတင်ပြနိုင်မှု မရှိသည့်အပြင် တင်သွင်းသူကုမ္ပဏီကိုယ်တိုင်ကပင် ပြန်လည်ပြုပြင်ထားသော အသုံးပြုပြီးပစ္စည်းများဖြစ်၍ ဈေးနှုန်းသက်သာစွာဖြင့်ပင် တင်သွင်းခဲ့ကြောင်း၊ ပြန်လည်ပြုပြင်ထားသော အသုံးပြုပြီးပစ္စည်းဖြစ်သော်လည်း အာမခံ (၁) နှစ်ပင် ပေးထားပြီးဖြစ်ကြောင်း တင်သွင်းသူ၏ တင်ပြပါစာများတွင် အငြင်းပွားဖွယ်မရှိ ထင်ရှားပေါ်လွင်နေခြင်း၊ အခင်းဖြစ်ပစ္စည်းများသည် ပြည်ထောင်စုဝန်ကြီးဌာန၏ ခွင့်ပြုချက်လိုအပ်သောကုန်ပစ္စည်းနှင့်သာသက်ဆိုင်ကြောင်း၊ သွင်းကုန်လိုင်စင် မလိုအပ်သော Non-Licence ပစ္စည်းများသာဖြစ်၍ ၄-၆-၂၀၂၀ ရက်နေ့တွင် AWPT သို့ ရောက်ရှိခဲ့သည့် အခင်းဖြစ်ပစ္စည်းများသည် ၁၄-၅-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) တွင် အကျုံးဝင်ခဲ့ပြီးဖြစ်သဖြင့် ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုက ထုတ်ပြန်ပြဋ္ဌာန်းသည့် အမိန့်ကြော်ငြာစာပါ စည်းမျဉ်းကန့်သတ်ချက်များ၊ ကန့်သတ်ပိတ်ပင်ချက်များကို ချိုးဖောက်၍ တင်သွင်းလာ ခြင်းသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အား ချိုးဖောက်ခြင်းဖြစ်၍ ပင်လယ် ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) ဖြင့် အရေးယူဆောင်ရွက်ခဲ့ခြင်းသည် ဥပဒေနှင့်အညီ ဆောင်ရွက်ထားသည်မှာ အငြင်းပွားဖွယ်မရှိပါကြောင်း၊ လျှောက်ထားသူမှတင်သွင်းလာသော အသုံးပြုပြီး Reconditioned Printer and Accessories များသည် အသုံးပြုပြီး စက်ပစ္စည်းများမဟုတ်ဘဲ ပြန်လည် ပြုပြင်ထားသောပစ္စည်းများသာ ဖြစ်ကြောင်းငြင်းဆိုနေသော်လည်း အဆိုပါပစ္စည်းများသည် Brand New ဖြစ်ကြောင်း ထင်ရှားသည့် အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်မှု မရှိပါကြောင်း၊ အမိန့်ကြော်ငြာစာ အမှတ် (၃၆/၂၀၂၀) အပိုဒ် (၅) တွင် ကုန်ထုတ်လုပ်ငန်းများနှင့် တိုက်ရိုက် သက်ဆိုင်မှုမရှိသော မိတ္တူကူးစက်၊ အိမ်သုံးပစ္စည်းများ စီးပွားဖြစ် ပြန်လည်ရောင်းချရန် ရည်ရွယ်ချက်ဖြင့် တင်သွင်းမည့် အသုံးပြုပြီးပစ္စည်းများ

တင်သွင်းခွင့်မပြုရဟု ထုတ်ပြန်ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများသည် အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) ပါ အပိုဒ် (၅) တွင် တင်သွင်းခွင့်မပြုသော အသုံးပြုပြီးစက်ပစ္စည်းများ၌ အကျုံးဝင်နေခြင်းကြောင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) ဖြင့် အရေးယူဆောင်ရွက်ခြင်းသည် တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်ထားခြင်းသာဖြစ်ပါကြောင်း၊အယူခံလျှောက်ထားသူ S.T.L Co., Ltd မှ တင်သွင်းလာသော Rec: Printer And Accs: Item (၉) မျိုးတို့သည် တင်သွင်းခွင့်မပြုသော အသုံးပြုပြီး စက်ပစ္စည်းများဖြစ်နေခြင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) ပါ ပြဋ္ဌာန်းချက်အား ချိုးဖောက်ပြီး တရားမဝင်တင်သွင်းလာခြင်းတို့ကြောင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ထင်ရှားသဖြင့် အခင်းဖြစ်ပစ္စည်းများအား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းအရေးယူခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ မှန်ကန်စွာဆောင်ရွက်ထားပြီးဖြစ်ခြင်း၊ မူလအယူခံမှုတွင်လည်း ရုံးတော်မှ ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ဆုံးဖြတ်ပြီးဖြစ်ခြင်း၊ ဥပဒေကြောင်းအရ မှားယွင်းစွာကောက်ယူ သုံးသပ်ဆုံးဖြတ်ထားပါသည်ဟု ဖော်ပြထားသည့်အဆိုသည်လည်း ခိုင်မာသည့်ဥပဒေအကြောင်းအရာ အချက်အလက်များအား တိကျပေါ်လွင်မြင်သာစွာ ထည့်သွင်းတင်ပြနိုင်မှုမရှိခြင်းတို့ကြောင့် မူလ အယူခံရုံး၏အမိန့်ကိုသာ အတည်ပြု၍ အကောက်ခွန်လွဲအပ်မှု လျှောက်ထားချက်ကိုလက်ခံရန် မသင့်ပါကြောင်း ချေပလျှောက်လဲပါသည်။

လျှောက်ထားခံရသူ၏ ချေပလျှောက်လဲချက်အပေါ် ပြန်လည်ရှင်းလင်းလျှောက်လဲရာ၌ ဌာနဆိုင်ရာကိုယ်စားလှယ်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၁၄-၅-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) တွင် ပါရှိသည့် တင်သွင်းခွင့်မပြုသည့်အချက်များကိုသာ ချေပတင်ပြခဲ့ပါကြောင်း၊ မိမိအနေဖြင့်လည်း အခင်းဖြစ်ပစ္စည်းများသည် အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) နှင့် အကျုံးမဝင်ကြောင်းကို တင်ပြထားပါကြောင်း၊ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) နှင့် အခင်းဖြစ်ပစ္စည်းများသည် မသက်ဆိုင်ပါကြောင်း၊ ထို့ကြောင့် အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) မရှိခဲ့ဟု မှတ်ယူ၍ ဆုံးဖြတ်ရမည် ဖြစ်ပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများသည် ယင်းအမိန့်စာနှင့်မသက်ဆိုင်ပါ၍ ယင်းအမိန့်စာတွင်ပါဝင်သည့် မည်သည့်စည်းကမ်းချက်မဆို အကျုံးဝင်မှုမရှိပါကြောင်းနှင့် ရုံးတော်အနေဖြင့်လည်း ထည့်သွင်းမစဉ်းစားသင့်ပါကြောင်း၊ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) ကို ၁၄-၅-၂၀၂၀ တွင် ထုတ်ပြန်ခဲ့သော်လည်း အခင်းဖြစ်ပစ္စည်းများကို ၁၂-၅-၂၀၂၀ ရက်နေ့တွင် စာချုပ်ချုပ်ဆိုခဲ့ပြီး ၆ လပိုင်းမှ မြန်မာနိုင်ငံသို့ ရောက်ရှိခြင်းဖြစ်ကြောင်းဟု ဌာနဆိုင်ရာကိုယ်စားလှယ်မှ တင်ပြထားသော်လည်း နိုင်ငံတကာနှင့် စာချုပ်ချုပ်ဆို လုပ်ကိုင်ရသောကိစ္စများတွင် လွယ်လွယ်ကူကူ ဆောင်ရွက်၍ မရပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုအား အဆင့်ဆင့်သော လုပ်ငန်း Process များဖြင့် ဆောင်ရွက်ရပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများသည် ယင်းအမိန့်စာဖြင့် အကျုံးဝင်ခြင်း မဝင်ခြင်းကို ကုန်ပစ္စည်းရောက်ရှိသည့်ရက်ဖြင့်တိုက်ဆိုင်၍ ဆုံးဖြတ်မရပါကြောင်း၊ Customs Law သည် International Law နှင့် ဆက်စပ်မှုရှိသည့်အတွက် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပူးပေါင်းဆက်သွယ်၍ လုပ်ဆောင်ရပါကြောင်း၊ နိုင်ငံတကာနှင့် ဆက်သွယ်၍ လုပ်ကိုင်ဆောင်ရွက်သော ရက်ကိုကြည့်၍ ယင်းအမိန့်စာနှင့် အကျုံးဝင် မဝင်ကို ဆုံးဖြတ်ရမည် ဖြစ်ပါကြောင်း၊ ကုန်ပစ္စည်းရောက်သည့် ရက်ကိုပဲကြည့်၍ ဆုံးဖြတ်မရကြောင်းကို ရုံးတော်သို့ တင်ပြလိုပါကြောင်း၊ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) တွင် retroactive action နောက်ကြောင်းပြန်အာဏာသက်ရောက်သည့် အရေးယူမှု မပါဝင်သော်လည်း ယင်းအမိန့်စာသည် လုပ်ထုံးလုပ်နည်းနှင့်

ဆိုင်သည့်ကိစ္စဖြစ်သည့်အတွက် ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၃ (စ) တွင် နောက်ကြောင်းပြန် အာဏာသက်ရောက်မှုရှိသည်ဟု ချေပထားပါကြောင်း၊ သို့ရာတွင် ယင်းအမိန့်စာသည် order ဖြစ်ပါကြောင်း၊ order သည် Law မှ ဆင်းသက်လာခြင်းဖြစ်ပါကြောင်း၊ order သည် တစ်ဆင့်ခံဥပဒေ ဖြစ်ပါကြောင်း၊ လုပ်ထုံးလုပ်နည်းနှင့် ဆိုင်သောအမိန့် မဟုတ်ပါကြောင်း၊ မလိုက်နာလျှင် အရေးယူ၍ရသော အမိန့်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၃ အရ နောက်ကြောင်းပြန် အာဏာသက်ရောက်၍မရပါကြောင်း၊ သို့ဖြစ်ပါ၍ အခင်းဖြစ်ပစ္စည်းများသည် အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) နှင့် အကျုံးဝင်ခြင်းမရှိပါကြောင်း၊ လျှောက်ထားသူ၏ တင်ပြချက်နှင့် ခုံအဖွဲ့၏ သုံးသပ်ဆုံးဖြတ်ချက် အရ လွဲအပ်မှုအဖြစ် တင်ပြထားသည့်အချက် ၅ ချက်ကို ဥပဒေပြဿနာ ဟုတ် မဟုတ် ကို ရုံးတော်မှ စုံညီခုံအဖွဲ့ဖြင့် သင့်လျော်သည့် အမိန့်ချမှတ်ပေးရန် တင်ပြလျှောက်လဲခဲ့ပါသည်။

စုံညီခုံအဖွဲ့သည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ လျှောက်လဲတင်ပြချက်များကို ဗီဒီယိုဆက်သွယ်မှုဖြင့် ကြားနာပြီးဖြစ်သည့်အပြင် လျှောက်ထားခံရသူက ချေလွှာနှင့်အတူ ပေးပို့လာသည့် ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခြင်းဆိုင်ရာ အမှုတွဲပါ စာတမ်းအမှတ်အသားများ၊ သက်သေခံချက်များကို အသေးစိတ်ကြည့်ရှု လေ့လာခဲ့ပါသည်။ ထိုသို့ လျှောက်လဲတင်ပြချက်များနှင့် အမှုတွဲပါအထောက်အထား၊ တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များကို အပြန်ပြန်အလှန်လှန် သုံးသပ်ခဲ့ရာ လျှောက်ထားသူ တင်သွင်းခဲ့သော Printer and Accessories များသည် အသုံးပြုပြီးစက်ပစ္စည်း (Used Machine) များမဟုတ်ဘဲ ပြန်လည် ပြုပြင်မွမ်းမံထားသော (Reconditioned) ပစ္စည်းများဖြစ်ကြောင်း အထောက်အထားများကို တင်ပြခဲ့ သော်လည်း ခုံအဖွဲ့၏စီရင်ချက်တွင် အဆိုပါပစ္စည်းများသည် တင်သွင်းခွင့်မပြုသော အသုံးပြုပြီးစက်ပစ္စည်းများ (Used Machine) များဖြစ်ကြောင်း ကောက်ယူသုံးသပ်ထားခြင်းသည် ဥပဒေကြောင်းအရ မှန်ကန်မှု ရှိ မရှိ ဟူသော တင်ပြချက်နှင့်စပ်လျဉ်း၍ အခွန်အယူခံခုံအဖွဲ့က ၂၀၂၀ ပြည့်နှစ် အကောက်ခွန်အယူခံအမှု အမှတ်-၄၀ တွင် အခင်းဖြစ်ပစ္စည်းများကို အသုံးပြုပြီးစက်ပစ္စည်း (Used Machine) သာဖြစ်ကြောင်း ကောက်ယူဆုံးဖြတ်ထားခြင်းမရှိသဖြင့် ဥပဒေကြောင်းအရ ဖြေရှင်းပေးရမည့်အချက် ပေါ်ပေါက်မှုမရှိကြောင်း ထင်ရှားပေါ်လွင်ပါသည်။

လျှောက်ထားသူက ၎င်းတင်သွင်းခဲ့သော Printer and Accessories များကို စင်ကာပူနိုင်ငံမှ ၂-၅-၂၀၂၀ ရက်နေ့တွင် ဝယ်ယူခဲ့ခြင်းဖြစ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) ကို ၁၄-၅-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည့်အပြင် နောက်ကြောင်းပြန်အာဏာသက်ရောက်ကြောင်း ပြဋ္ဌာန်းချက်မပါရှိသဖြင့် အခွန်အယူခံခုံအဖွဲ့က ယင်းကိစ္စနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာသုံးသပ်ဖော်ပြခြင်းမပြုဘဲ ယင်းအမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ကြောင်း ကောက်ယူသုံးသပ်ခဲ့ခြင်းသည် ဥပဒေကြောင်းအရ မှန်ကန်မှု ရှိ မရှိ ဟူသော တင်ပြချက် နှင့်စပ်လျဉ်း၍ ခုံအဖွဲ့က စီရင်ချက်တွင် ယင်းအမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) ကို ချိုးဖောက်ကြောင်း ကောက်ယူသုံးသပ်၍ စီရင်ဆုံးဖြတ်ထားခြင်းမရှိကြောင်းတွေ့ရှိရသဖြင့် ဥပဒေကြောင်းအရ ဖြေရှင်းပေး ရမည့်အချက် ပေါ်ပေါက်မှုမရှိကြောင်း ပေါ်လွင်ပေသည်။

အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀) တွင် တင်သွင်းခြင်းမပြုရန် တားမြစ်ထားသည့် ပစ္စည်း စာရင်း၌ Printer and Accessories ပါဝင်ခြင်း မရှိသော်လည်း ယင်းအမိန့်ကိုချိုးဖောက်ကျူးလွန်ကြောင်း ကောက်ယူသုံးသပ်ခြင်းသည် ဥပဒေနှင့် ညီ မညီဟူသော တင်ပြချက်နှင့်စပ်လျဉ်း၍ ခုံအဖွဲ့က စီရင်ချက်တွင် ယင်းကဲ့သို့ ကောက်ယူသုံးသပ်ထားခြင်း မရှိကြောင်းတွေ့ရှိရသဖြင့် ဥပဒေကြောင်းအရ ဖြေရှင်းပေးရမည့် အချက် ပေါ်ပေါက်မှုမရှိကြောင်း တွေ့ရှိရပါသည်။

အမှုတွဲတွင်လည်းကောင်း၊ အဆိုအချေတွင်သော်လည်းကောင်း ပါဝင်ခြင်းမရှိသည့် အခြားသက်သေခံအထောက်အထားများကိုခုံအဖွဲ့က ထည့်သွင်းသုံးသပ်ထားခြင်းသည်ဥပဒေနှင့်ညီမညီဟူသော တင်ပြချက်မှာ လျှောက်ထားသူ၏ အဆိုပြုလွှာ အပိုဒ် ၃ ပါ ဖော်ပြချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၂-၁၀-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၃/၂၀၁၅) ဖြင့် ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (၂၀၁၅) ပါ ပြဋ္ဌာန်းချက်များကို စီရင်ချက်တွင် ထည့်သွင်းသုံးသပ်ထားခြင်းကို ဆိုလိုခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ လျှောက်ထားသူက ၎င်း၏မူလအယူခံလျှောက်ထားချက်တွင် ၎င်းကုမ္ပဏီက တင်သွင်းလာသော Printer များသည် အရည်အသွေးကောင်းမွန်ပြီး အာမခံတစ်နှစ်ပင် ပေးထားကြောင်း၊ အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၀) တွင် ရည်ညွှန်းထားသော ပစ္စည်းသည် Used ကိုသာ ရည်ညွှန်းပြီး ပြုပြင်မွမ်းမံထားသော Reconditioned ပစ္စည်းများကို မဆိုလိုကြောင်း စသည်ဖြင့် ၎င်းတင်သွင်းလာသော ပစ္စည်းများကို Reconditioned ပစ္စည်းများအဖြစ် ဖော်ပြလျှောက်လဲတင်ပြထားသည်ကို တွေ့ရသည်။ ယင်းတင်ပြချက်အရ ခုံအဖွဲ့က Reconditioned ပစ္စည်းများ တင်သွင်းခြင်းနှင့်သက်ဆိုင်သော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၂-၁၀-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၃/၂၀၁၅) ကို ထည့်သွင်းသုံးသပ်၍ စီရင်ချက်ချမှတ်ခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရှိရသည်။ အခွန်အယူခံခုံအဖွဲ့ ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (င) တွင် အခွန်အယူခံခုံအဖွဲ့သည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများပါ ပြဋ္ဌာန်းချက်များကို ရည်ညွှန်းသုံးစွဲနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ အခွန်အယူခံခုံအဖွဲ့အနေဖြင့် အမှုတွင်ပေါ်ပေါက်သော အကြောင်းခြင်းရာများအပေါ်ဥပဒေအရ ပြည့်စုံစွာစဉ်းစားဆုံးဖြတ်ရန် တာဝန်ရှိသည်နှင့်အညီ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာများကို ရည်ညွှန်း၍ သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းသာဖြစ်၍ ဥပဒေကြောင်းအရ ဖြေရှင်းပေးရမည့်အချက် ပေါ်ပေါက်မှုမရှိကြောင်း သုံးသပ်ရရှိပါသည်။ လျှောက်ထားသူ တင်ပြထားသော **ပန်နလာ(လ်) ရန်ဂလာ(လ်) (လျှောက်ထားသူ) နှင့် အတွင်းဝန်၊ ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာနပါ ၂ (လျှောက်ထားခံရသူများ)** စီရင်ထုံးသည် အမှုတွဲအတွင်း မရောက်ရှိသေးသော အရေးကြီးသည့် သက်သေခံချက်များကို တရားနည်းလမ်းအတိုင်းရရှိရန် မဆောင်ရွက်ဘဲ ၎င်းသက်သေခံချက်များကို ကိုးကား၍ စီရင်ဆုံးဖြတ်ခြင်း မပြုနိုင်ကြောင်း လမ်းညွှန်ထုံးဖွဲ့ထားခြင်းသာဖြစ်၍ ယခုအမှုတွဲပါ တင်ပြချက်များနှင့် သက်ဆိုင်မှုမရှိကြောင်း တွေ့ရှိရသည်။

အခင်းဖြစ်ပစ္စည်းများသည်သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုဘဲ လွတ်လပ်စွာတင်သွင်းခွင့်ရှိသည့် Non-Licence ပစ္စည်းများဖြစ်ပါလျက်၊ ယင်းပစ္စည်းများသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၉ ကို ဖောက်ဖျက်ကျူးလွန်ခြင်း ဖြစ်သောကြောင့် ပုဒ်မ ၁၆၇ (၈) အရပြည်သူ့ဘဏ္ဍာအဖြစ် အကောက်ခွန်ဦးစီးဌာနက သိမ်းဆည်းအရေးယူခဲ့ခြင်းသည် မှားယွင်းသည်ဟုမဆိုနိုင်ကြောင်း ခုံအဖွဲ့က ကောက်ယူသုံးသပ်ခဲ့ခြင်းသည် ဥပဒေကြောင်းအရ မှန်ကန်မှု ရှိ မရှိ ဟူသော တင်ပြချက်နှင့်စပ်လျဉ်း၍ ခုံအဖွဲ့က ၎င်းစီရင်ချက်တွင် အခင်းဖြစ်ပစ္စည်းများသည် သွင်းကုန်လိုင်စင်လျှောက်ထားခြင်းမပြုဘဲ တင်သွင်းနိုင်သော ပစ္စည်းများဖြစ်သော်လည်း Reconditioned စက်ပစ္စည်းများ တင်သွင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အကျုံးဝင်မှုမရှိကြောင်း၊ လျှောက်ထားသူကုမ္ပဏီသည် ပြန်လည်ပြုပြင်ထားသော ပစ္စည်းများ တင်သွင်းနိုင်ကြောင်း ခွင့်ပြုချက်ဖြင့် ခွင့်ပြုပေးထားသည့်လုပ်ငန်းအမျိုးအစားတွင် အကျုံးဝင်ခြင်း မရှိကြောင်း ပေါ်ပေါက်သဖြင့် စည်းမျဉ်းကန့်သတ်ချက်များနှင့်ဆန့်ကျင်ပြီး တင်သွင်းလာခြင်းဖြစ်၍ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အရ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သုံးသပ်ထားခြင်းဖြစ်သောကြောင့် ဥပဒေကြောင်းအရ ဖြေရှင်းပေးရမည့်အချက် ပေါ်ပေါက်မှုမရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ အခွန်အယူခံခုံအဖွဲ့၏ ၂၀၂၀ ပြည့်နှစ် အကောက်ခွန်အယူခံမှုအမှတ် - ၄၀ တွင် ချမှတ်ခဲ့သော စီရင်ချက်ပါ သုံးသပ်ဆုံးဖြတ်ချက်များသည် ဥပဒေပြဿနာ သို့မဟုတ် ဥပဒေကဲ့သို့ အာနိသင်ရှိသော

ပြဿနာများသော်လည်းကောင်း၊ ဥပဒေပြဿနာနှင့်စပ်လျဉ်း၍ အကြောင်းအားလျော်စွာ သံသယဖြစ်ဖွယ် သော်လည်းကောင်း ပေါ်ပေါက်ခြင်းမရှိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးရန်လိုအပ်ခြင်း မရှိကြောင်း သုံးသပ်ရရှိခြင်းကြောင့် အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်-

**အမိန့်**

အခွန်အယူခံခုံအဖွဲ့၏ ၅-၅-၂၀၂၁ ရက်စွဲပါ အမိန့်စာအမှတ်၊ အခဃ (ဖွဲ့)/၃/၀၃ (၁၇၅/၂၀၂၁) ဖြင့် ထုတ်ပြန်ထားသောအမိန့်ကို အတည်ပြုလျက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အမှုအား လွှဲအပ် ပေးပါရန် လျှောက်ထားသည့် ဤလွှဲအပ်မှုကို ပလပ်လိုက်သည်။

မြင့်ဦး
ဥက္ကဋ္ဌ
စုံညီခုံအဖွဲ့

| | | |
|---|---|---|
| ကျော်ကျော်<br>အဖွဲ့ဝင် | ဧယျကြည်ညွန့်<br>အဖွဲ့ဝင် | ရီရီမြင့်<br>အဖွဲ့ဝင် |
| ဝင်းနိုင်<br>အဖွဲ့ဝင် | ဝင်းတင်<br>အဖွဲ့ဝင် | ဦးကြည်<br>အဖွဲ့ဝင် |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

အမှတ် ၂၇။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများအခန်း (၆)၊ နည်းဥပဒေ (၂၃) (၂၄) အရလည်းကောင်း ဗီဒီယိုလုပ်ငန်းများစိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော အောက်ဖော်ပြပါ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ များကို ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်-

**မွန်ပြည်နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဦးမြတ်သွင် — ဥက္ကဋ္ဌ
လူမှုရေးရာဝန်ကြီး
မွန်ပြည်နယ်အစိုးရအဖွဲ့

(ခ) ရဲမှူးကြီး သက်နိုင် — အဖွဲ့ဝင်
ပြည်နယ်ရဲတပ်ဖွဲ့မှူး
မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး

(ဂ) ဒေါ်အေးအေးခိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဃ) ဦးမြင့်နိုင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မွန်ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန

(င) ဦးတင်ကိုကို အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

(စ) ဒေါ်အေးအေးမော် အဖွဲ့ဝင်
ဥက္ကဋ္ဌ
မွန်ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲ

(ဆ) ဒေါ်စမ်းစမ်းနွယ် အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
မွန်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

**ရန်ကုန်တိုင်းဒေသကြီးဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဦးဌေးအောင် ဥက္ကဋ္ဌ
ဥပဒေချုပ်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(ခ) ရဲမှူးကြီး မျိုးကြည် အဖွဲ့ဝင်
ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး
တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး

(ဂ) ဦးရဲထူး အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဃ) ဦးစန်းဌေး အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန

(င) ဦးစိုးဝင်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့

(စ) ဦးအောင်လွင် အဖွဲ့ဝင်
ဥက္ကဋ္ဌ
တိုင်းဒေသကြီးဗီဒီယိုအခြေခံအဖွဲ့ခွဲ
(မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှခန့်အပ်သော ကိုယ်စားလှယ်တစ်ဦး)

(ဆ) ဦးရန်နိုင် အတွင်းရေးမှူး
ဦးစီးအရာရှိ
တိုင်းဒေသကြီးရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

အဂတိဖြစ်စေနိုင်သည့်နေရာများသို့ စစ်ဆေးဖော်ထုတ်ခြင်း၊ အဂတိလိုက်စားမှု ဖြစ်ပေါ်လာသည့် ပြဿနာများကို ဖြေရှင်းခြင်း၊ အဂတိဖြစ်စေနိုင်သည့်နေရာများတွင် မဖြစ်အောင်တားဆီးကာကွယ်ခြင်းတို့ ဆောင်ရွက်နိုင်ရန်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု) ၏ **အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU)** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးထွန်းအုံ<br>ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု) | အဖွဲ့ခေါင်းဆောင် |
| ( ခ ) | ဦးမြင့်ဦး<br>အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ဒေါက်တာ ကျော်ဦးလွင်<br>ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးအောင်မြင့်<br>ညွှန်ကြားရေးမှူးချုပ်<br>သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | ဦးညွန့်ဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>အနုပညာဦးစီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဦးအောင်ဆန်းဦး<br>ပါမောက္ခချုပ်<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာ ကေသီထွေး<br>ပါမောက္ခချုပ်<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) | အဖွဲ့ဝင် |
| ( ဇ ) | ဦးလှိုင်ဝင်းမောင်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု) | အဖွဲ့ဝင် |
| (ဈ) | ဒေါ်ဥမ္မာအောင်<br>ညွှန်ကြားရေးမှူး<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ | အဖွဲ့ဝင် |

(ည) ဒေါက်တာသန်းထိုက် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ

(ဋ) ဦးကျော်မျိုးဝင်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ

၂။ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါ အတိုင်း ဖြစ်ပါသည်–

(က) အဂတိလိုက်စားမှု ဖြစ်နိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆန်းစစ်လေ့လာခြင်း၊

(ခ) အဂတိလိုက်စားမှုပြုရန် အခွင့်သာစေသည့် စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်နိုင်ရေးအတွက် စိစစ်တင်ပြခြင်း၊

(ဂ) အဂတိလိုက်စားမှု မဖြစ်ပေါ်စေရေးအတွက် အသိပညာပေးခြင်းနှင့် ကြိုတင်တားဆီးရေး ဆောင်ရွက်ခြင်း၊

(ဃ) တိုင်ကြားစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် အစီအစဉ်များချမှတ်ခြင်း၊

(င) အဂတိလိုက်စားမှု ပေါ်ပေါက်သည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူနိုင်ရန်ဆောင်ရွက်ခြင်း၊ လိုအပ်ပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းခြင်း၊

(စ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ပြည်ထောင်စုဝန်ကြီး၏ အခါအားလျော်စွာညွှန်ကြားချက်များကို ဆောင်ရွက်ခြင်း၊

(ဆ) အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍ တိုင်ကြားစာ၊ အကြံပြုစာများကို စိစစ်၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ခြင်း၊

(ဇ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့အား အထောက်အကူပြုမည့် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှုများရယူခြင်း၊

(ဈ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာနများမှ အခါအားလျော်စွာ ထုတ်ပြန်သည့်မူဝါဒ၊ ညွှန်ကြားချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ည) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များအနေဖြင့်နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ လာဘ်ပေးလာဘ်ယူပြုခြင်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များကို စံနမူနာပြ လိုက်နာဆောင်ရွက်စေခြင်း၊

(ဋ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၏ ဆောင်ရွက်မှုအစီရင်ခံစာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ လိပ်မူပေးပို့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ မိတ္တူပေးပို့ခြင်း။

